မန္တလေးနေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် ဧပြီလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၃၃၂)၊ ၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ ၅-၁၁-၂၀၂၆၊ ကြာသပတေးနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲခြင်းအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) **(ဓမ္မပဒ)**

ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေခဲ့ရှိနေတွင် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသော မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန်လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန် (၂ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စာမျက်နှာ ၆ သို့ ✣

ယနေ့ ဖတ်စရာအညွှန်း

တရုတ်နိုင်ငံလုပ် ခရီးသွားကြည့်ရှုရေး ရေငုပ်သင်္ဘောငယ်ပေါ်၌ ခရီးသည်သုံးဦးနှင့် ရေငုပ်ယာဉ်မှူးတစ်ဦးကို တင်ဆောင်နိုင်

စာမျက်နှာ ၈

ဟယ်ရိကိန်း ဘိုင်ယန်ပြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

စာမျက်နှာ ၁၁



တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပစဉ်။

အင်္ဂားမြေဂရန်အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာအရေးယူပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းခုနစ်ခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ❖

အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေး၊ ကုန်စည်စီးဆင်းမှုများ လျင်မြန်လွယ်ကူ ချောမွေ့စေရေး မြစ်ကြီးနားမြို့အဝင် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ် ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား နိုဝင်ဘာ ၄

ကချင်ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှုများ လွယ်ကူမြန်ဆန်စေရေးနှင့် အများပြည်သူ လုံခြုံစွာဖြတ်သန်းသွားလာနိုင်ရေးအတွက် မြစ်ကြီးနားမြို့အဝင် ၂၁ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နှန်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြသည်။

စာမျက်နှာ ၄ သို့ ✦



သတ္တမအကြိမ်မြောက် မြန်မာ့ပရိဘောဂပြပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာနိုင်ငံသစ်အခြေခံ ပရိဘောဂလုပ်ငန်းရှင်များအသင်းက ကြီးမှူးကျင်းပသည့် (၇)ကြိမ်မြောက် Myanmar Furniture Exhibition 2026 ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်ရိပ်သာလမ်းနှင့် ဦးအောင်မြတ်လမ်းထောင့် WYNDHAM GRAND HOTEL ၌ ကျင်းပသည်။

စာမျက်နှာ ၆ သို့ ✪

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၄

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ၈၀

၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၅ ရက်၊ ကြာသပတေးနေ့။

မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ရမည်

သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရန်၊ မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကို ဖော်ဆောင်ပြီး တောင်သူများ စုပေါင်းစိုက်ပျိုးသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လမ်းညွှန်ချက်များအား မျှော်မှန်းချက်၊ ရည်မှန်းချက်များအဖြစ် ခံယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးတင်သိမ်းက နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁၆) သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပသည့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲရာတွင် အဓိကအချက်ဖြစ်သည့် သမဝါယမစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်၊ နိုင်ငံအားကောင်းသော စံပြအသင်းများဖြစ်လာစေရန်၊ နိုင်ငံစီးပွားမြှင့်တင်ရေးတွင် အဓိကမောင်းနှင်အား အသင်းများဖြစ်ရန်၊ ချေးငွေအပေါ်အခြေခံ ရပ်တည်ခြင်းမှသည် ကိုယ်တိုင်ရပ်တည်လည်ပတ်နိုင်သည့် အသင်းများအဖြစ် မြှင့်တင်ဆောင်ရွက်ရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိသော၊ ကောင်းမွန်သော စီမံခန့်ခွဲမှုရှိသည့် အဂတိကင်းစင်သော အသင်းများဖြစ်ရန် အထူးအလေးထား ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဦးသိုက်စိုးနှင့်တာဝန်ရှိသူများက သမဝါယမကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့မှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးများနှင့် အသင်းစုချုပ်ဥက္ကဋ္ဌများ၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြောကြားခဲ့သည်။ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရနှင့် ဗဟိုသမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူတို့က သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး/ပြည်နယ် သမဝါယမဦးစီးဌာန ဦးစီးမှူးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အသင်းစုချုပ်ဥက္ကဋ္ဌများက မိမိတို့တိုင်းဒေသကြီး/ပြည်နယ်များအလိုက် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြသည့် စိုက်ပျိုးရေး၊ မွေးမြူရေး စီမံကိန်းများနှင့်စပ်လျဉ်းပြီး ဆောင်ရွက်မည့်လုပ်ငန်းအသေးစိတ်၊ အကောင်အထည်ဖော်မည့်ကာလ၊ ဘဏ္ဍာငွေပြည့်တင်းမည့် အစီအစဉ်၊ တိုင်းတာမည့်အညွှန်းကိန်းများပါဝင်သည့် ရေရှည်လုပ်ငန်းစဉ်များ၊ ရာသီအလိုက်၊ နှစ်အလိုက်စီမံချက်များကို အသင်းအလိုက်၊ မြို့နယ်အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရေဆွဲထားရှိရန်နှင့် SOP များ ရေးဆွဲဆောင်ရွက်ရန်၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မပြတ်သုံးသပ်အကဲဖြတ်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

တောင်သူများတစ်ဦးချင်း၏ အကျိုးကို ပိုမိုဖော်ဆောင်နိုင်ရေးအတွက် မြန်မာ့အစဉ်အလာနှင့်ကိုက်ညီသည့် စုပေါင်းသမဝါယမစနစ်ကိုဖော်ဆောင်ပြီး တောင်သူများစုပေါင်းစိုက်ပျိုးသည့်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။ တောင်သူများ စုပေါင်းစိုက်ပျိုးရန်အတွက် လိုအပ်သည့် စိုက်ပျိုးရေးခွေးငွေများကိုလည်း နိုင်ငံတော်အနေဖြင့် သတ်မှတ်ချက်များအတိုင်း စနစ်တကျထုတ်ချေးပေးလျက်ရှိကြောင်း ရေသားလိုက်ရပေသည်။

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်ကြော်ငြာစာအမှတ် ၁၄၃ / ၂၀၂၆
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်)

ပြည်ထောင်စုဝန်ကြီးဌာနအမည် ပြောင်းလဲသတ်မှတ်ခြင်း

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး၏ သဘောတူညီချက်အရ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနကို **စက်မှုနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန** အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာဖတ်ရှုနိုင်မြင့်မားရေး၊ အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေး စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်၊စာစောင်ပြပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှုနိုင်မြင့်မားရေး၊ အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယမန်နေ့မွန်းလွဲ ၂ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာအုပ်၊စာစောင်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေဖတ်သည့်အလေ့အကျင့်များ ရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှုမြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့် စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြတ်သည့် မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ စာဖတ်စွမ်းရည်နှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက တိုးတက်သောလူတိုင်းသည် စာပေဖတ်ရှုသူများဖြစ်ကြောင်း၊ ဘက်စုံထူးချွန်စေရေး အားလပ်ချိန်များတွင် စာအုပ်စာပေများ ဖတ်ရှုသွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပပြုလုပ်ခဲ့ရာ အမှတ်(၁) အခြေခံပညာကျောင်းမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်၊ စာစောင်များအား စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)
၀-၀-၀-၀-၀
၀-၀-၀

သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily-newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား (၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့ပေးအပ်

မန္တလေး နိုဝင်ဘာ ၄

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ (၁၇) ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ အခမဲ့ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ခြောက်ထပ်ဆောင်မြေညီထပ်တွင် ပြုလုပ်သည်။



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမရာသီအလိုက် စိုက်ပျိုးထုတ်လုပ်ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် နှစ်စဉ်ထောက်ပံ့ပေးခြင်းဖြစ်ပြီး ဆက်လက်ဖြန့်ဝေနိုင်ရန် သီးနှံများ ပျိုးထောင်စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှသိရသည်။

(၁၇)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာတွင် ဘက်စုံခြံမှထွက်ရှိသော ချဉ်ပေါင်ရွက် အစီး ၆၀၀၊ သဘောသီး ၃၉ လုံး၊ ကျောက်ဖရဲသီး လေးလုံး၊ ဌက်ပျောသီး အိမ်း ၄၀ နှင့် မို့ ၁၉ ပိသာတို့ကို ကော်မတီရုံးရှိ ဝန်ထမ်း ၅၂ ဦး၊ ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်း ၆၉ ဦး၊ စစ်ဆေးရေးဌာနရှိ ဝန်ထမ်း ၇၃ ဦးနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အခမဲ့ထောက်ပံ့ပေးအပ်ကြရာ ဌာနများမှတာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

(မန္တလေးနေ့စဉ်-၃)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၀၄၇၃၉၈၊ ၀၂-၂၀၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း-၇၅၁၁၇၀၁၁၉
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

❖ ရွှေဖုံးမှ

အစည်းအဝေးတွင် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေး၊ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ပေးနိုင်ရေး၊ အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရေး၊ ကျေးရွာများ လျှပ်စစ်မီးရရှိရေး၊ အင်္ဂျင်မြေဂရန် အမြန်ရရှိရေး၊ ခိုးရာပါပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို ထိရောက်စွာအရေးယူပေးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ခုနစ်ခုမေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှ-ဆင်တဲကုန်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက မင်းလှ မြို့နယ် မင်းလှ-ဆင်တဲကုန်းလမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ကတ္တရာလမ်း ၃ မိုင် ၁ ဒသမ ၇၅ ဖာလုံအနက် သုည၆မိုင်နှင့် ၂ မိုင် ၃ ဖာလုံကြား ၂ မိုင် ၃ ဖာလုံလမ်းပိုင်းမှာ မိုးများပြီး ရေတိုက်စားထား၍ သွားလာရခက်ခဲလျက် ရှိပါကြောင်း။

အဆိုပါကတ္တရာလမ်းပိုင်း ၂ မိုင် ၃ ဖာလုံအနက် မင်းလှမြို့အထွက် သုည၆မိုင်မှစ၍ ၃ ဒသမ ၅ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပါကြောင်း နှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ယမဲဆန္ဒနယ်မှ **ဦးမဓိုလောင်ဝီး၏ လယ်ယမြို့နယ် တိုက်ရံချောင်းတွင် ဆိုင်ကယ်ကူးကြိုးတံတားအား မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက လယ်ယမြို့နယ် လယ်ယ - တိုက်ရံ - ဝေါင်ညိုနောင် - ရောင်ဖွန်လမ်းပေါ်ရှိ တိုက်ရံချောင်းကူးတံတားသည် အလျားပေ ၃၀၀၊ အကျယ် လေးပေရှိပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကျေးရွာများမှ သစ်သား၊ မျောပါ၀ါးများဖြင့် ကိုယ်ထူကိုယ်ထတည်ဆောက်ထားသောကြိုးတံတားတစ်စင်းဖြစ်ပြီး လက်ရှိအခြေအနေမှာ ဆိုင်ကယ်နှင့်လူများ သွားလာရန် ခက်ခဲလျက်ရှိပါကြောင်း။

လတ်တလော သွားလာမှုအဆင်ပြေစေရန် ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။ ဆိုင်ကယ်ကူးကြိုးတံတား တည်ဆောက်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသောဒီဇိုင်းကို ရေးဆွဲသွားမည်ဖြစ်ပါကြောင်း။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်အရ ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သာကေတမဲဆန္ဒနယ်မှ ဒေါ်အေးမြမြကြိုင်၏ **အများပြည်သူဆိုင်ရာစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ခြင်းအား ပွင့်လင်းမြင်သာစွာချပြရန်နှင့် စီမံကိန်းများပြောင်းလဲပါက လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားရယူရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၀ အရ ပြည်ထောင်စုအစိုးရကချမှတ်သောမူဝါဒများနှင့်အညီ လိုအပ်သောစီမံကိန်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော်ခြင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြေမ်းကို ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီးသည့်အခါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀၂ နည်းဥပဒေခွဲ(ဂ)အရ ယင်းဥပဒေကြေမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ထည့်သွင်းဖော်ပြရေး ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်သည့်စီမံကိန်းများသည် လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထား ရယူပြီးဖြစ်သည့်အပြင် အများပြည်သူသို့ ပွင့်လင်းမြင်သာစွာချပြပြီးဖြစ်သည့် စီမံကိန်းများဖြစ်သည်ဟု ဆိုနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ အများပြည်သူနှင့်သက်ဆိုင်သည့် စီမံကိန်းများရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများ တည်နေရာပြောင်းလဲခြင်းနှင့် လုပ်ငန်းအမျိုးအစား/ စံချိန်စံညွှန်းပြောင်းလဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိစေနိုင်ရန်အတွက် ပြောင်းလဲမည့်လုပ်ငန်း/ စီမံကိန်းအပေါ်မူတည်၍ သက်ဆိုင်ရာဒေသအုပ်ချုပ်ရေးအဖွဲ့များသည် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များထံ အသိပေးညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဖားကန့်မဲဆန္ဒနယ်မှ ဦးသက်ပိုင်ထူး၏ **အင်းတော်ကြီးအိုင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် နိုင်ငံတော်၏ အဓိကတန်သဘာဝအရင်းအမြစ်များ၊ ဂေဟစနစ်များနှင့်ဇီဝမျိုးစုံ၊ မျိုးကွဲများကို ရေရှည်ထိန်းသိမ်းကာကွယ်နိုင်ရန် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အင်းတော်ကြီးကန်သည် နိုင်ငံတကာအသိအမှတ်ပြုထားသည့် အရေးပါသောသဘာဝထိန်းသိမ်းရေးနယ်မြေတစ်ခုဖြစ်သလို ကချင်ပြည်နယ်၏ အထင်ကရဒေသတစ်ခုလည်းဖြစ်ပါကြောင်း။ ထို့ကြောင့် အင်းတော်ကြီးကန်နှင့် ရေဝေရေလဲဒေသ၏ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သည့် တရားမဝင်ရွေတူးဖော်မှုများ လျော့နည်းပပျောက်စေရန် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေးမဲ့တောအတွင်း တရားမဝင် ရွေတူးဖော်မှုများကိုလည်း သက်ဆိုင်ရာဥပဒေများနှင့်အညီ တားဆီးအရေးယူပြီး အင်းတော်ကြီးကန်၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် စဉ်ဆက်မပြတ်ထိန်းသိမ်းကာကွယ်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ ကျေးရွာ ၂၂ ရွာ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်းတယမြို့နယ်ရှိ ကျေးရွာအုပ်စု ရှစ်စုမှ ကျေးရွာ ၂၂ ရွာအနက် အင်းငယ်ကျေးရွာမှာ လျှပ်စစ်ဓာတ်အား ရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ကျေးရွာ ၂၁ ရွာအနက်မှ သိမ်ကုန်းကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁/၀ ဒသမ ၄ ကေဗွီ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ၃ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေတွင်လည်းကောင်း၊ ရွှေဂုထိုး(မြောက်) ကျေးရွာ ဓာတ်အားရရှိနိုင်ရေး ၁၁ ကေဗွီ ဓာတ်အားလိုင်းသုည ဒသမ၂ မိုင်၊ ၁၀၀ ကေဗွီအေထရန်စဖော်မာ တစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ၂၀၂၇ -၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်း ရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီး ဖြစ်သဖြင့် အဆိုပါကျေးရွာအတွက် လျာထားရန် ကျန်ရှိသည့် ၁၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁ ဒသမ ၇၅ မိုင်နှင့်ကျန်ကျေးရွာ ၁၉ ရွာ ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၇ ဒသမ ၄၈ မိုင်၊ ၁၁/ သုည ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေထရန်စဖော်မာ ခုနစ်လုံး၊ ၁၀၀ ကေဗွီအေထရန်စဖော်မာ ၂၂ လုံး၊ ၁၆၀ ကေဗွီအေထရန်စဖော်မာ နှစ်လုံးနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း ၄၁ ဒသမ ၆ မိုင် တည်ဆောက်ခြင်းတို့အား ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်မှစ၍ ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာနှစ်အလိုက် ဦးစားပေးထည့်သွင်း လျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ကျေးရွာစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း၏ **ကျောင်းကုန်းမြို့နယ် ရပ်ကွက်(၁)၊ (၂)၊ (၃) တို့တွင် နေထိုင်သူများအတွက် အင်္ဂျင်မြေဂရန်အမြန်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက ဧရာဝတီတိုင်းဒေသကြီး ကျုပ်ပော်ခရိုင် ကျောင်းကုန်းမြို့တွင် မြို့ပေါ်ရပ်ကွက် ငါးရပ်ကွက် ရှိပြီး အဆိုပါရပ်ကွက်များသည် မြို့မြေပြန့်တမ်းများ အရ ရပ်ကွက်အဖြစ် ဖွဲ့စည်းထားရှိသော်လည်း ယနေ့ အချိန်အထိ အမှတ် (၁)နှင့် အမှတ်(၂)ရပ်ကွက်တို့ကို သာ မြို့မြေကွက်အဖြစ် ၁၉၀၅-၁၉၀၆ ခုနှစ်ကတည်းက မြေတိုင်းတာမှုရှိခဲ့ပြီး အမှတ်(၃)၊ အမှတ်(၄) နှင့် အမှတ်(၅)ရပ်ကွက်တို့မှာ ယနေ့အချိန်အထိ မြို့မြေကွက်များအဖြစ် တိုင်းတာသတ်မှတ်ခဲ့ခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း။ ကွက်စိပ် တိုင်းတာပြီးသည့် မြို့ပေါ်ရပ်ကွက်များမှ မြေများကို လူနေထိုင်ရန်နှင့် စက်မှု/စီးပွားမြေငှားဂရန်များ အတွက် အမှတ်(၁) ရပ်ကွက်တွင် ၉၃ ဦး၊ အမှတ်(၂) ရပ်ကွက်တွင် ၃၁၆ ဦး၊ အမှတ်(၃)ရပ်ကွက်တွင် နှစ်ဦး စုစုပေါင်း ၄၁၁ ဦးတို့အား ခွင့်ပြုထုတ်ပေးထားခဲ့ပြီး ဖြစ်ပါကြောင်း။

ကျောင်းကုန်း မြို့ အမှတ်(၃)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်နှင့် အမှတ် (၅) ရပ်ကွက်တို့တွင် မြို့မြေကွက်များအဖြစ် ကွက်စိပ်မြေတိုင်းတာထားမှုမရှိခြင်း၊ မြို့အဖြစ်သတ်မှတ်ထားပြီး တိုးချဲ့ရပ်ကွက်များအဖြစ် ဖွဲ့စည်းသတ်မှတ်ထားရှိခဲ့သော်လည်း သက်ဆိုင်ရာမူလမြေမျိုးအား လူနေထိုင်ရန် မြို့မြေအဖြစ် မြေအသုံးချခွင့်ကို ဆောင်ရွက်ထားမှုမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ လူနေထိုင်ရန်အတွက် အသုံးပြုသောမြေသည် လယ်ယာမြေ သို့မဟုတ် စားကျက်မြေအမျိုးအစားဖြစ်ပါက မြို့မြေအသုံးပြုနိုင်ရန် အဆင့်ဆင့်တင်ပြပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

သက်ဆိုင်ရာ မြေအမျိုးအစားအလိုက် အခြားနည်းအသုံးပြုခွင့်များ ရယူဆောင်ရွက်ပြီးမှသာလျှင် မြို့မြေကွက် မြေတိုင်းတာခြင်းလုပ်ငန်းစီမံချက် ရေးဆွဲ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ပြီး မြို့မြေကွက်မြေပုံများရရှိအောင် ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။ ထိုသို့ဆောင်ရွက်ခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံပြီး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကျောင်းကုန်း မြို့ပေါ်ရှိ ရပ်ကွက်များတွင် နေထိုင်ကြသော မိဘ၊ ဘိုးဘွားအစဉ်အဆက် အနေကြာသူများ၏ မြေယာပိုင်ဆိုင်မှု ခိုင်မာစေရန်အတွက် မြို့မြေအမျိုးအစားပေါ်တွင် နေထိုင်ကြသည့် ရပ်ကွက်နေပြည်သူများမှ အင်္ဂျင်မြေဂရန်ရရှိရန် မြေပေးမိန့်သော်လည်းကောင်း၊ မှတ်ပုံတင်ထားသည့် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့်သော်လည်းကောင်း၊ တရားရုံးအမိန့်၊ ဒီကရီစသည်ဖြင့် လည်းကောင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ များဖြင့် လာရောက်လျှောက်ထားလာပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်ရရှိရေး အချိန်နှင့်တစ်ပြေးညီပြီးပြတ်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း မြို့မြေကွက် တိုင်းတာခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒီးမောဆိုမဲဆန္ဒနယ်မှ ဒေါ်မော်မော်ခိုင်၏ **ခိုးရာပါပစ္စည်းများဝိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေ ၃/၁၉၈၆ ဖြင့် ထိရောက်စွာ အရေးယူပေးရန် အစီအစဉ်ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြန်မာနိုင်ငံအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ယာယီနေရပ်ဖွင့်ခွာနေထိုင်ကြသော ပြည်သူများ၏ အိုးအိမ်များ၊ ပရိဘောဂများ၊ စက်ပစ္စည်းများစွာ ခိုးယူခံရပြီး နောက် ခိုးရာပါပစ္စည်းများ ရောင်းဝယ်ခြင်းကိစ္စနှင့် ပတ်သက်၍ နစ်နာသူကာယကံရှင်များက သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများတွင် အမှုဖွင့်လှစ်တိုင်ကြားမှုများကို အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ကယားပြည်နယ်တွင် ၂၀၂၅ ခုနှစ်၌ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု သုံးမှု၊ ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ ၃၇၉ ဖြင့် အရေးယူဆောင်ရွက်မှု တစ်မှု၊ ပဲခူးတိုင်းဒေသကြီးတွင် ၂၀၂၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အရေးယူဆောင်ရွက်မှု တစ်မှု စုစုပေါင်း ငါးမှုရှိပါကြောင်း။

သို့ဖြစ်ပါ၍ ၁၉၈၆ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းထားသည့် တရားမဝင် သောနည်းလမ်းဖြင့် ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းကို အရေးယူသည့်ဥပဒေသည် ဥပဒေကခွင့်မပြုသော စီးပွားရေးလုပ်ငန်းမှ ဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်ပြီး ရရှိသောဝင်ငွေဖြင့်ဖြစ်စေ၊ ဥပဒေနှင့်အညီ အခွန်များကို ပေးဆောင်ခြင်း မပြုဘဲ ထိန်ချန်ထားသော ဝင်ငွေဖြင့်ဖြစ်စေ ရရှိသည့် ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပြဋ္ဌာန်းထားသည့်ဥပဒေဖြစ်ပါကြောင်း နှင့် ယာယီနေရပ်စွန့်ခွာနေထိုင်ကြရသော ပြည်သူများ၏ အိုးအိမ်များ။ ပရိဘောဂများ၊ စက်ပစ္စည်းများကို ခိုးယူမှု၊ ခိုးရာပါပစ္စည်းများ လက်ခံရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပါပြဋ္ဌာန်းချက်များဖြင့်သာ အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထိုနောက်ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၏ **မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် "ကျောင်းတွင်းအကြမ်းဖက်မှုကင်းစင်ရေးမူဝါဒ(Zero-Tolerance Anti-Bullying and School Safety Policy" ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာ ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးကျော်စန်းဦးက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။


တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို နံဝင်ဘာ ၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်အား ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့ နံနက်ပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H. E. Mr. Saleumxay Kommasith အား ဗီယင်ကျန်းမြို့ရှိ ဝန်ကြီးချုပ်ရုံးသို့ သွားရောက် ဂါရဝပြုတွေ့ဆုံသည်။ (ယာဝုံ)



တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) တို့ တက်ရောက်ကြပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့် အတူ လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လာအို ပြည်သူ့တပ်မတော်မှ အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် အောက်တိုဘာလ ၅ ရက်မှစ၍ တာဝန်တိုးမြှင့်ထမ်းဆောင်ခဲ့သည့်အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ရမှု၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် လာအိုနိုင်ငံသို့ ဇူလိုင်လအတွင်း တရားဝင်ခရီးစဉ် လာရောက်ခဲ့ပြီး လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကြား အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရာတွင် ပိုမိုအကျိုးရှိစေရန်အတွက် နားလည်မှုစာချုန်လွှာများကိုလည်း ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် ဒေသတွင်းကုန်သွယ်မှုများအထိ တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာများ၊ နှစ်နိုင်ငံအစိုးရနှင့် တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး ဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံသံတမန်ဆက်ဆံမှု သက်တမ်း ၇၁ နှစ်တာကာလအတွင်း အပြန်အလှန်နားလည်မှု၊ ချစ်ခင်ရင်းနှီးမှုတို့ဖြင့် ကောင်းမွန်အောင် နေထိုင်လျက်ရှိပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်နှင့်အညီ ရပ်တည် ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုများဖြစ်သော ဒီမိုကရေစီနည်းကျ ရွေးချယ်ခံထားရသည့် နိုင်ငံတော်အစိုးရသည် ပြည်သူ့ဆန္ဒကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု တိုးတက်ရရှိလာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှုများအပေါ် လာအိုနိုင်ငံအနေဖြင့် ထောက်ခံအားပေးမှု အခြေအနေများ၊ တပ်မတော်အနေဖြင့် လည်း အမျိုးသားရေးတာဝန် ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ကာကွယ် စောင့်ရှောက်နေသည့် အခြေအနေများနှင့် ပတ်သက်၍ အပြန်အလှန် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လာအို ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ အထိမ်းအမှတ်တံဆိပ်ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဗီယင်ကျန်းမြို့ရှိ စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်မှ တာဝန်ရှိသူများက မြန်မာနိုင်ငံအစိုးရ အနေဖြင့် အွန်လိုင်း လိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား တိုက်ဖျက်မှုကြီးကြပ်ရေး ဗဟိုကော်မတီကို လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် အမျိုးသားအဆင့်၊ နိုင်ငံတော်အဆင့် ဖွဲ့စည်းခဲ့ပြီး အင်တိုက်အားတိုက် တိုက်ဖျက်လျက်ရှိမှု၊ နယ်စပ်ဒေသတိုင်းရင်းသားများ၏ တည်ငြိမ်အေးချမ်းမှု၊ ဘဝလုံခြုံမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်မှုများအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများနှင့် နှစ်နိုင်ငံ နယ်စပ်ဒေသအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးမဆုံရှုံးစေရေး ဆောင်ရွက်သွားမည့်အခြေအနေများ။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရေး ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် လာအိုစစ်ပွဲအတွင်း အသုံးပြုခဲ့သောလက်နက်၊ ခဲယမ်းများနှင့် စစ်ဝတ်အသုံးအဆောင်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာပစ္စည်းများ၊ လာအိုနိုင်ငံ၏ သမိုင်းဝင်တိုက်ပွဲများတွင် ဦးဆောင်ခဲ့ကြသည့် ခေါင်းဆောင်များ၊ ရဲဝံစွန့်စားစွာ တိုက်ခိုက်ခဲ့ကြသည့် သူရဲကောင်း စစ်သည်များ၏ မှတ်တမ်းများစသည့် သမိုင်းဝင်အမွေအနှစ်များကို စိတ်ဝင်စားစွာဖြင့် လှည့်လည်လေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး လက်ဆောင်ပစ္စည်းပေးအပ်ကာ စုဝေးခေတ်ပုံရိုက်ကြသည်။

အဆိုပါ စစ်သမိုင်းပြတိုက်ကို ၁၉၇၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး လာအိုနိုင်ငံ၏ လွတ်လပ်ရေးနှင့် အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲစဉ်များတွင် ကျဆုံးခဲ့ရသည့် စစ်သည်သူရဲကောင်းများ၏ သမိုင်းကြောင်းများနှင့် စစ်ဘက်ဆိုင်ရာ သမိုင်းဝင်ပစ္စည်းများကို စနစ်တကျ ခင်းကျင်းပြသထားရှိသည့် သမိုင်းဝင်နေရာတစ်ခုဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✦ အများပြည်သူမှ

စစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ကျဝန်ထမ်းများအနေဖြင့် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ လုံခြုံအေးချမ်းစွာ သွားလာနိုင်ရေး၊ စားသောက်ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးကို အဓိကထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခွင့်အပေါ် အခွင့်အရေးယူပြီး မလိုလားအပ်သော ငွေကြေးတောင်းခံမှုများ မရှိစေရေးနှင့် စည်းကမ်းနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍တိုင်းမှူးက ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများလုံခြုံရေးကို အဖြစ်မပြတ်စောင့်ကြည့်ပြီး စစ်ဆေးဆောင်ရွက်ကြရေးနှင့် လိုအပ်သည်များကို ရှင်းလင်းပြောကြားကာဂိတ်၌ ဖြတ်သန်းလျက်ရှိသော အိမ်စီးမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ဖြတ်သန်းသွားလာနေမှုကို ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဝန်ထမ်းများက လုပ်ထုံးလုပ်နည်းနှင့်အညီ စစ်ဆေးဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ယမန်နေ့ ညနေပိုင်းကလည်း မြစ်ကြီးနားလေဆိပ်၌ ပြည်နယ်မီးသတ်ဦးစီးဌာန၏ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ တင်ပြခြင်းနှင့် လေဆိပ်မီးဘေးလုံခြုံရေး ဇာတိတိုက်လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်ရာ လေဆိပ်ခန်းမဆောင်၌ ပြည်နယ်မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးက စုပါအယ်လ်နီညီရာသီဥတုပြောင်းလဲမှုနှင့် ကချင်ပြည်နယ်အပေါ် အကျိုးသက်ရောက်မှုအပေါ် မီးသတ်ဦးစီးဌာနက ရေတို/ရေရှည် မဟာဗျူဟာများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး ခန်းမအတွင်း ပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် မီးသတ်တပ်ဖွဲ့ဝင်များက လေဆိပ်ဝန်ထမ်းများအား အရေးပေါ်မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှု၊ ဆီမီးလောင်မှုနှင့် ဂက်စ် မီးလောင်မှုကို အရေးပေါ်မီးငြိမ်းသတ်နိုင်သည့် နည်းလမ်းများ လက်တွေ့သရုပ်ပြသမှုနှင့် လေယာဉ်မီးလောင်မှုအပေါ် မီးသတ်ကားများ၊ မီးငြိမ်းသတ်ဆေးရည်များ အသုံးပြု၍ သရုပ်ပြဓာတ်တိုက်လေ့ကျင့်မှုကို ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။


ပြည်နယ်(ပြန်/ဆက်)



သုံးရေ ချွေတာသုံးစွဲရေး


အပင်ရေလောင်းချိန်ကို အချိန်ကိုက်လုပ်ဆောင်ပါ။

ရေငွေ့ပြန့်မှုကိုလျော့နည်းစေရန်နှင့် ရေကိုအကျိုးရှိရှိ အသုံးချနိုင်ရန် နံနက်စောစော သို့မဟုတ် ညနေနှောင်းပိုင်းကဲ့သို့ အေးမြသောအချိန်များတွင်သာ မြက်ခင်းနှင့် အပင်များကို ရေလောင်းပါ။



သုံးရေ ချွေတာသုံးစွဲရေး

မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့်စနစ်များကို ကြိုဆောင်ရွက်ပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ်ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ ဥယျာဉ်ခြံတွင် ရေနည်းနည်းဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြား၊ ဗီယင်ကျန်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် နိုဝင်ဘာ ၄

လာအိုနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့ မွန်းလွဲပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)ရုံးသို့ ရောက်ရှိကြရာ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုနိုင်ငံဆိုင်ရာ မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

ထို့နောက် မြန်မာစစ်သံရုံးရှိဝန်ထမ်းများနှင့် ပညာတော်သင် သင်တန်းသားများအား တွေ့ဆုံရာဦးစွာ စစ်သံမှူး၊ စစ်သံရုံး ဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မြန်မာ-လာအိုနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ ထို့အပြင် အာဆီယံအဖွဲ့သို့ တစ်ချိန်တည်းဝင်ရောက်ခဲ့ကြသည့်နိုင်ငံများဖြစ်ပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ အပြန်အလှန်ရပ်တည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် မိမိတို့နှစ်နိုင်ငံသည် ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများများစွာတူညီကြပြီး နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များတွင် ချစ်ကြည်ရင်းနှီးမှုဖြင့် ကောင်းမွန်သော ဆက်ဆံရေးရှိသည့် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူရသည့်ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်ဖြေဖှင့်တင်ရာတွင် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ တာဝန် ထမ်းဆောင်ကြရန်လို ကြောင်း။ စစ်သံရုံးသည် နိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် သံတမန်အရ အထောက်အကူပြု နိုင်ရန်နှင့် တပ်မတော်အချင်းချင်း ဆက်ဆံမှုတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သဖြင့် တာဝန် ပေးအပ်ရာတွင်လည်း အရည်အချင်း၊ စိတ်ဓာတ်စည်းကမ်း အရ အဆင့်ဆင့်စိစစ်၍ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာရှိစွာ အမှုထမ်းနိုင်သူများကို ရွေးချယ် တာဝန်ပေးအပ်ခြင်း ဖြစ်ကြောင်း၊ ပြည်ပတွင် တာဝန်ထမ်းဆောင် ခွင့်ရခြင်းဖြင့် သားသမီးများ၏ ပညာရေးနှင့် အသိအမြင် ကျယ်ကျယ်ပြန့်ပြန့် ဖြင့်တင်ပေးနိုင်မည်ဖြစ်၍ အကျိုးရှိစွာ အသုံးချနိုင်ရန်လိုကြောင်း။

သင်တန်းသားများ အနေဖြင့် တပ်မတော်၏ အနာဂတ် လူစွမ်းအား အရင်းအမြစ်အတွက် ရင်းနှီးမြှုပ်နှံမှုဖြစ်၍ သင်ယူနေသောဘာသာစကားကို ကျွမ်းကျင်စွာတတ်မြောက်အောင် သင်ကြားကြရန်လိုကြောင်း၊ သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ်လေ့လာအားထုတ်နေကြရမည် ဖြစ်ကြောင်း။ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့်သူများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် တာဝန်ထမ်းဆောင်ခိုက်လွှာကာလ တစ်လျှောက် တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေး အတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန် လိုကြောင်း၊ သက်ဆိုင်ရာနိုင်ငံ၏ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် စည်းကမ်းများကိုလည်း တိကျစွာ လိုက်နာစောင့်ထိန်းရန်နှင့် ၎င်းတို့၏ ဘာသာ၊ ယဉ်ကျေးမှုစံနှုန်းများကိုသိရှိပြီး လေးစားတန်ဖိုးထားကြရန်လည်းလိုကြောင်း၊ မိမိဘဝအတွက်၊ မိမိလူမှုအဖွဲ့အစည်းအတွက်နှင့် မိမိတပ်မတော်အတွက် ပတ်ဝန်းကျင်မှကောင်းမွန်သော အလေ့အထများကို အတူယူကျင့်ကြံသွားရန် လိုကြောင်း၊ နေထိုင်စဉ် ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကိုသိရှိအောင် လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့် တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျ နေထိုင်သွားကြရန် လိုကြောင်း၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ် သစ္စာစောင့်သိကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံး မိသားစုများနှင့် သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗီယင်ကျန်းမြို့ရှိ That Luang ဘုရားကျောင်းသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းဗုဒ္ဓဆင်းတုလက်ရာများ၊ လာအိုဘုရင်ဟောင်းများ၏ ရုပ်တုများအား စနစ်တကျ ထိန်းသိမ်းထားရှိမှုတို့ကို လေ့လာကြည့်ရှုပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ ဘုရားကျောင်းဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းဗိသုကာလက်ရာများနှင့် ဗုဒ္ဓဆင်းတုတော်များ ကိန်းဝပ်စံပယ်ရာ Wat Si Saket ဘုရားကျောင်းသို့ ရောက်ရှိဖူးမြော် ကြည်ညိုကြသည်။ ဆက်လက်၍ လာအိုဗုဒ္ဓဘာသာအသင်းဗဟို၏ဥက္ကဋ္ဌနှင့် လာအိုနိုင်ငံ သံဃရာဇာဘုန်းတော်ကြီး Maha Ahjan Yai Mahaved Masenai အား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်း ဝိဠုကတ်တိုက်အတွင်း ပေစာနှင့် ကျမ်းစာများ စနစ်တကျထိန်းသိမ်းထားရှိမှုနှင့် လာအိုနိုင်ငံ၏ ဗုဒ္ဓဘာသာဆိုင်ရာ အနုပညာ လက်ရာများနှင့် သမိုင်းဝင် အမွေအနှစ်များကို လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက တည်ခင်းပွဲခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၄

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဦးဆောင်သည့် မြန်မာ့တပ်မတော် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Saichay Kommasith နှင့် ဇနီးတို့က နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် CROWNE PLAZA HOTEL ခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ)တို့ တက်ရောက်ကြပြီး လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စစ်ဦးစီးဌာနအကြီးအကဲနှင့်ဇနီး၊ လာအိုပြည်သူ့ တပ်မတော်မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ညစာစားပွဲကျင်းပရာနေရာသို့ ရောက်ရှိကြရာ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပပြုလုပ်ရာ လာအို အမျိုးသားကာကွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

ထို့နောက် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။ ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း လာအို ပြည်သူ့တပ်မတော် ယဉ်ကျေးမှုအဖွဲ့က တေးသံသာများ၊ အကပဒေသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ညစာ သုံးဆောင်အပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ကပြဖျော်ဖြေခဲ့ကြသည့် လာအိုပြည်သူ့ တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကာ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့ လာအိုပြည်သူ့ တပ်မတော် ယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP) တို့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေး

ပန်ဆန်း နိုဝင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးဆောင်သည့်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ဦးတည်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်နိုင်ရန် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်တွင် ကြေညာချက်အမှတ်(၁/၂၀၂၆) ဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးနိုင်ရန်ဖိတ်ခေါ်ခဲ့မှုအရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက်တွင် ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးရန် ရှမ်းပြည်နယ်



ပန်ဆန်းမြို့သို့ သွားရောက်ခဲ့ရာ "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းနှင့် အဆင့်မြင့် ခေါင်းဆောင်များ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေး ကော်မတီဝင်များ၊ အကြေပေးအဖွဲဝင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အစိုးရသစ်လက်ထက်တွင် ပန်ဆန်းသို့ ဒုတိယအကြိမ်မြောက် လာရောက် ဆွေးနွေးခြင်းဖြစ်ကြောင်း၊ "ဝ" ဒေသရှိ ပြည်သူများသည် မိမိတို့တိုင်းရင်းသားလူမျိုးများဖြစ်ပြီး ပြည်ထောင်စုမှ ခွဲမထွက်ဘဲ (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာဆောင်ရွက်မည်ကို သိရှိရသည့်အတွက် ဝမ်းသာပါကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်းပြီး ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှုကိစ္စများကို လက်မခံဘဲ နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ကာ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိသည့်အတွက် ဝမ်းသာပါကြောင်း၊ ဆက်လက်၍လည်း ပူးပေါင်း ဆောင်ရွက်သွားစေလိုကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နှစ်ပေါင်း ၃၀ ကျော် ငြိမ်းချမ်းရေး တည်ဆောက်ထားရှိပြီးဖြစ်သည့်အတွက် ယုံကြည်မှု ပိုမိုတိုးမြှင့်ခိုင်မာစေရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြောကြား

ယင်းနောက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ပြီးခဲ့သည့် ဆွေးနွေးပွဲတွင် မိမိတို့၏ နိုင်ငံရေးဆန္ဒအား ဆွေးနွေးခဲ့ကြောင်း၊ မိမိတို့အနေဖြင့် (၂၀၀၈ ခုနှစ်) ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က နိုင်ငံတော်သမ္မတနှင့် တွေ့ဆုံဆွေးနွေးပွဲမှ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လမ်းဥပဒေချက်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနိုင်မှုအခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အွန်လိုင်းလောင်းကစားနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်နိုင်စေရေးကိစ္စရပ်တို့အား နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ပေးအပ်ကာ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေဩဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့် ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှ တစ်ဆင့် ထုတ်ပြန်ကြေညာအပ်ပါသည်။ ယင်းအခွန် ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေဩဇာများအပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စွမ်းအင်သုံးဆိုဒျေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၁၀-၂၀၂၆ ရက်နေ့မှ ၃၀-၁၁-၂၀၂၆ ရက်နေ့ အထိ ထပ်မံ၍ တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

✣ ရှေ့ဖုံးမှ

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၁၁-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာနခွဲ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည် ဖြစ်ပါသည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

✪ သတ္တမအကြိမ်မြောက်မှ

ဦးစွာ မြန်မာ့ပရိဘောဂပြပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၏အကြံပေး ဒေါက်တာမျိုးသက်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထိန်လင်းအောင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက ခန်းမအတွင်း ပြသထားသည့် အရည်အသွေးမြင့် ပရိဘောဂနှင့် သစ်သားဆေး/သစ်သားအလှဆင်နည်းပညာဆိုင်ရာ Sirca Wood Deiwi ၏ လက်ရာဆန်းများ၊ အိမ်ဂေဟာနှင့် ရုံးခန်းအတွင်း အလှဆင်မှုများအတွက် အရည်အသွေးမြင့် ပရိဘောဂများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

အဆိုပါပြပွဲကို ပြည်တွင်းလုပ်ငန်းရှင် ကိုးခုမှ ပြခန်းပေါင်း ၂၆ ခန်းတို့ဖြင့် နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ငါးရက်တိုင်တိုင် ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့် (ပြန်/ဆက်)

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမူကြိုကျောင်း၌ အသိပညာပေးဟောပြော



ရမည်းသင်း နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မူကြိုကလေးငယ်နှင့် ၄င်းတို့၏မိဘများအား အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အိအိမွန်က ကလေးအလုပ်သမားဟောက်ရေး ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောရာတွင် မိဘများအနေဖြင့် မိမိတို့၏ သားငယ်၊ သမီးငယ်များအား ငယ်ရွယ်စဉ်အချိန်ကတည်းက ပညာရေးကို ဆုံးခန်းတိုင် အောင်ထိ သင်ကြားပေးနိုင်ရန်လိုအပ်ပါကြောင်း၊ ယခုခေတ်တွင် ဖြစ်ပေါ်နေသည့် ကလေးသူငယ်များကို ကလေးအလုပ်သမားများအဖြစ် ခိုင်းစေမှုများကြောင့် မိမိတို့၏ သားငယ်၊ သမီးငယ်များအား ကလေးအလုပ်သမားများမဖြစ်စေရေးအတွက် ပြုစုစောင့်ရှောက်ကြပါရန် လိုအပ်ပါကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပြောက်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို ခင်းကျင်းပြသထားရာ တက်ရောက်လာသည့် ကျောင်းသားမိဘများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

အောင်ပိုင်ဟိန်း

စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂလာဒုံနိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

မင်္ဂလာဒုံ နိုဝင်ဘာ ၄

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန မက်ဆင် ရူဇန်ကော့ဗ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင်္ဂလာဒုံမြို့၌ ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကျင်းပသည့် စတုတ္ထအကြိမ် ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂလာဒုံနိုင်ငံတကာ အဆင့်မြင့်ညီလာခံသို့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်၊ အာရ်ပစ်ဘွားများပြည်ထောင်စု၊ လာအို၊ ကမ္ဘောဒီးယား၊ အီရန်၊ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတို့အပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သံတမန်များ၊ နိုင်ငံတကာ သုတေသီများနှင့် ပညာရှင်များ စုစုပေါင်းကိုယ်စားလှယ် ၆၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသည့် ညီလာခံဖွင့်ပွဲအခမ်းအနား၌ ဘယ်လာရုစ်နိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနှင့် ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် Organization for Security and Co-operation in Europe (OSCE)၊ Collective Security Treaty Organization (CSTO)၊ Shanghai Cooperation Organization (SCO) နှင့် Commonwealth of Independence States (CIS) အဖွဲ့အစည်းများမှ အတွင်းရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်များက မိန့်ခွန်း ပြောကြားခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံသမ္မတက မိန့်ခွန်းပြောကြားရာတွင် မင်္ဂလာဒုံနိုင်ငံတကာအဆင့်မြင့် ညီလာခံသည် စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ ယူရေးရှားသည် ကြီးကျယ်ခမ်းနားသော ယဉ်ကျေးမှုများနှင့် ကမ္ဘာ့ဘာသာတရားများ ပေါ်ထွန်းရာနေရာဖြစ်ပြီး မတူညီသော ယဉ်ကျေးမှုများနှင့် လူမျိုးများအကြား ထောင်စုနှစ်များစွာ အပြန်အလှန် ဆက်ဆံထိတွေ့လာခဲ့သည့် သမိုင်းကြောင်းရှိသော ဒေသတစ်ခုဖြစ်ပါကြောင်း၊ ယနေ့ အချိန်တွင် ကမ္ဘာပေါ်ရှိအကြီးမားဆုံးသော သယံဇာတ အရင်းအမြစ်များနှင့် လူဦးရေအများစုတည်ရှိရာ နေရာလည်းဖြစ်ပါကြောင်း၊ ယူရေးရှားဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုသည် မျိုးဆက်သစ်များထံသို့ ကြောက်ရွံ့မှုနှင့် သံသယများကင်းစင်သည့် ကမ္ဘာကြီး တစ်ခုကို ပုံဖော်ပေးသွားမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် စုပေါင်းညီညွတ်သော ယူရေးရှား



ဒေသဖြစ်လာစေရန် လိုလားပါကြောင်း၊ ယူရေးရှားဒေသ၏ လုံခြုံရေးသည် အားလုံးနှင့်သက်ဆိုင်ပြီး ခွဲခြားခြင်းမရနိုင်သော ကိစ္စရပ်တစ်ခုဖြစ်ပါကြောင်း၊ မည်သူမျှ (အနောက်ကမ္ဘာဖြစ်စေ၊ အရှေ့ကမ္ဘာဖြစ်စေ) တစ်ဦးတည်းအနေဖြင့် ဤလုံခြုံရေးကို အပြည့်အဝ တာဝန်ယူဆောင်ရွက်ပေးနိုင်မည် မဟုတ်သောကြောင့် ဤတာဝန်ကို အားလုံးက ပူးတွဲထမ်း ဆောင်ကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက မိန့်ခွန်းပြောကြားရာတွင် လက်ရှိကမ္ဘာ့လုံခြုံရေး ကဏ္ဍတွင် အပြောင်းအလဲများနှင့် ရင်ဆိုင်နေရချိန်၌ ယူရေးရှားဒေသရှိ နိုင်ငံများအနေဖြင့် ပြိုင်ဆိုင်မှုနှင့် ထိပ်တိုက်ရင်ဆိုင်မှုများထက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှုတို့ကို ဦးစားပေးသည့် လုံခြုံရေးဆိုင်ရာလမ်းကြောင်းကို ကိုယ်တိုင်ဖော်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် "၂၁ ရာစု မတူကွဲပြားမှုနှင့် နိုင်ငံစုံဗဟုဝင်ရိုးစနစ်ဆိုင်ရာ ယူရေးရှားပဋိညာဉ်စာတမ်း" ရေးဆွဲမှုကို ကြိုဆိုပြီး မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ လက်ရှိကျင့်သုံးလျက်ရှိသည့် ဥပဒေ၊ စည်းမျဉ်းများ၊ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့် နိုင်ငံတကာဥပဒေတို့နှင့်အညီ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံအားလုံး၏ ဘုံအနာဂတ်အတွက် အားလုံးပါဝင်နိုင်သော ဆွေးနွေးမှု၊ အပြန်အလှန် လေးစားမှုနှင့်ညီမျှသည့် မိတ်ဖက်ဆောင်ရွက်မှုတို့ အပေါ် အခြေခံသော ပွင့်လင်းမှု၊ ဟန်ချက်ညီမှုနှင့် အားလုံးပါဝင်နိုင်သော လုံခြုံရေးဗိသုကာတစ်ရပ် ပေါ်ထွက်ရေးကို မြန်မာနိုင်ငံအနေဖြင့် အခိုင်အမာ ထောက်ခံပါကြောင်း၊ မြန်မာနိုင်ငံ၌ လွတ်လပ်ပြီး မျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲမှတစ်ဆင့် အစိုးရတစ်ရပ် ပေါ်ထွက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်း ဦးဆောင်သည့် မြန်မာအစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ် အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် အဓိကရည်မှန်းချက်နှစ်ရပ်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာအစိုးရအနေဖြင့် ဆိုက်ဘာခြိမ်းခြောက်မှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် လူကုန်ကူးမှုများစသည့် နိုင်ငံဖြတ်ကျော်မှုခင်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် တိုက်ဖျက်လျက်ရှိပြီး အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများနှင့်လည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း အဓိက ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံ တက်ရောက်စဉ်ကာလအတွင်း နိုဝင်ဘာ ၃ ရက်တွင် ရုန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အတွင်းရေးမှူးချုပ် မစ္စတာ ချူလန်ယာမတ် ဘာယက်ဗ်နှင့်လည်းကောင်း၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့်လည်းကောင်း၊ နိုဝင်ဘာ ၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့်လည်းကောင်း၊ ရုရှားလုံခြုံရေး ကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိဒီကော့ဗ်နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ချူလန်ယာမတ်ဘာယက်ဗ်နှင့်တွေ့ဆုံရာတွင် ဒေသတွင်းငြိမ်းချမ်းရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံနှင့် SCO တို့အကြား ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရေး၊ SCO ၏ ပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများဖြစ်သည့် လုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်း တိုက်ဖျက်ရေးကဏ္ဍ၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ဒီဂျစ်တယ်နည်းပညာကဏ္ဍ၊ သယံဇာတပို့ဆောင်ရေးနှင့် ဒေသတွင်းချိတ်ဆက်မှု ကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရေး၊ မြန်မာနိုင်ငံအနေဖြင့် SCO တွင် တင်းပြည့်အဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက် ထောက်ခံပေးရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဆာဂျီ လတ်ဗ်ရော့နှင့် တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပိုမိုနက်ရှိုင်းစေရန်အတွက် ဦးစားပေးကဏ္ဍများ ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် လူမှုရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးတို့အပေါ် အခြေခံ၍ အဆင့်မြင့်တင်ဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးခဲ့ကြပြီး ကုလသမဂ္ဂနှင့် အာဆီယံအပါအဝင် နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများတွင်လည်း ဆက်လက် ပူးပေါင်းဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ မက်ဆင် ရူဇန်ကော့ဗ်နှင့် တွေ့ဆုံရာတွင် ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တန်းတူညီမျှမှုကို အစဉ် အမြဲထောက်ခံပေးမည်ဖြစ်ကြောင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင်လည်း ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံရုံးအား နေပြည်တော်တွင် စတင် ဖွင့်လှစ်ထားရှိမှု၊ နှစ်နိုင်ငံအကြား နိုင်ငံရေး၊ စီးပွားရေးအပါအဝင် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ ယူရေးရှားပဋိညာဉ် ရေးဆွဲအကောင်အထည်ဖော်ရာတွင် ပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ရုရှားလုံခြုံရေးကောင်စီ ဒုတိယအတွင်းရေးမှူးဖြစ်သူ မစ္စတာ အလက်ဇန္ဒား ဗန်နိဒီကော့ဗ်နှင့် တွေ့ဆုံစဉ် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေး၊ ပညာရေး၊ နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် နိုင်ငံတော်သမ္မတ၏ ၂၀၂၆ ခုနှစ် ဩဂုတ်လ ရုရှားနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များအကြား ဆွေးနွေးခဲ့မှုများကို ဆက်လက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် တပ်မတော်မှ သင်တန်းသားများ စေလွှတ်ရေး စသည်တို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ မင်္ဂလာဒုံနိုင်ငံတကာအဆင့်မြင့်ညီလာခံကို ၂၀၂၃ ခုနှစ်တွင် စတင် ကျင်းပခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၅ ခုနှစ်တွင် တတိယအကြိမ်နှင့် ယခု ၂၀၂၆ ခုနှစ်တွင် "Navigating International Disorder in the Spirit of cooperation: Can We Solve the Eurasian Security Puzzle" ခေါင်းစဉ်ဖြင့် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

စူပါအယ်လ်နီညိုဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

နေပြည်တော် နိဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ် ညောင်လွန်းကျေးရွာအုပ်စု၊ ညောင်လွန်းကျေးရွာတွင် စူပါအယ်လ်နီညိုဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို နိဝင်ဘာ ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုရားကြီးဝင်းတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူ စီမံကြီးကြပ်၍ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဌေးထိုက်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်လင်းထက်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရီထွေး၊ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲဖြိုးအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးမင်းထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျွမ်းကျင်(၂)ဓာတ်ပုံဦးတင်စိုးလွင်တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့က မီးလောင်မှု၊ မီးလန့်မှုများမရှိစေရေး၊ မီးဘေးကာကွယ်ရေးပစ္စည်းထားရှိရေးနှင့် တောမီး၊ မြက်ခြောက်မီးမှအစ မီးမကူးစက်စေရေးနှင့် သောက်သုံးရေ လိုအပ်ချက်များနှင့် ရေပြတ်လပ်မှုမရှိစေရေး၊ ရေမပြတ်ပြန်လည် ဖြည့်တင်းရေး၊ ဆည်ရေ၊ မြေအောက်ရေများ ခြွေတာသုံးစွဲရေး၊ လူနှင့်တိရစ္ဆာန်များ အပူလွှဲပ်ကာကွယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ အပူဒဏ်ကာကွယ်ရေး ဆောင်ရန်၊ ရှောင်ရန်နှင့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါမဖြစ်ပွားစေရေး၊ စားနပ်ရိက္ခာများ စုဆောင်းထားရှိရေး၊ စူပါအယ်လ်နီညိုဆိုင်ရာ သတင်းအချက်အလက်များ လေ့လာဖတ်ရှုကြရေး၊ အရေးပေါ်အကူအညီလိုအပ်လျှင် ဖုန်းဆက်ပေးနိုင်ရေး၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများ၊ အပူဒဏ်ခံစားနေရသူများ အပူရှောင်စခန်း သွားရောက်စာရင်းပေးသွင်းရေး၊ စိုက်ပျိုးရေးသီးနှံများ အပူခိုရှိန်အေးသည့်အခိုရှိန်များတွင် ရေလောင်း၊ ရေသွင်း ဆောင်ရွက်ရေးတို့ကို အသီးသီးရှင်းလင်းဟောပြောခဲ့ပြီးနောက် တက်ရောက်လာသော ပြည်သူများအား ဌာနအလိုက် စူပါအယ်လ်နီညိုကြိုတင်ကာကွယ်ရေး လက်ကမ်း သည်။



စာစောင်များနှင့် နံရံကပ်စာစောင်များ ဖြန့်ဝေပြသခဲ့ကြောင်း သိရ

(အပေါ်ပုံ)
အောင်ဝိုင်ဟိန်း

ချန်ပိယံလိပ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိပ်အဆင့် အနိုင်၊ အရှုံး NGB

AEK အောင် ၂ - ၃ ရီးရဲလ်မက်ဒရစ်
ပီနာဘာချီ ၃ - ၂ လီဗာပူး

အမေရိကန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီက လွှတ်တော်နှစ်ရပ်စလုံး၌ နေရာအများစု အနိုင်ရရှိမည်ဟု ခန့်မှန်း

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်နိုင်ငံ၌ ယခုကျင်းပခဲ့သည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ဒီမိုကရက်တစ်ပါတီက ကွန်ဂရက်လွှတ်တော်၏ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံးတွင် နေရာအများစု ရရှိမည်ဟု ABC News က ခန့်မှန်းဖော်ပြခဲ့သည်။ အဆိုပါရလဒ်သည် သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရီပတ်ဘလီကန်ပါတီအတွက် ကြီးမားသော နိုင်ငံရေး ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အမေရိကန်နိုင်ငံတစ်ဝန်း၌ မဲရေတွက်မှုများ ဆက်လက်ပြုလုပ် နေဆဲဖြစ်သော်လည်း မဲဆန္ဒနယ်အများအပြား၏ ရလဒ်များကို အတည်ပြုခန့်မှန်းနိုင်ခဲ့ပြီဖြစ်သည်။ အထက်လွှတ်တော်တွင် စုစုပေါင်းအမတ်နေရာ ၁၀၀ အနက် သုံးပုံတစ်ပုံခန့်အတွက် ရွေးကောက်ပွဲကျင်းပခဲ့ရာ ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၅၄ နေရာရရှိကာ အများစုအနိုင်ရရှိခဲ့ကြောင်း ABC News က ခန့်မှန်းထားသည်။ အောက်လွှတ်တော်တွင်လည်း ဒီမိုကရက်တစ်ပါတီက အမတ်နေရာ ၂၂၄ နေရာရရှိမည်ဟု ခန့်မှန်းထားပြီး အများစုရရှိရန် လိုအပ်သည့် အရေအတွက်ကို ကျော်လွန်ခဲ့သည်။

အဆိုပါ ကြားဖြတ်ရွေးကောက်ပွဲကို သမ္မတထရမ့်၏ အုပ်ချုပ်ရေး အပေါ် ပြည်သူများ၏ ထောက်ခံမှုနှင့် သဘောထားကို တိုင်းတာသည့် ရွေးကောက်ပွဲတစ်ရပ်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် ရှုမြင်ခဲ့ကြသည်။ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှုများတွင် စီးပွားရေး၊ နိုင်ငံခြားရေးမူဝါဒ



နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ရွေးကောက်ပွဲမတိုင်မီက ရီပတ်ဘလီကန်ပါတီက သမ္မတရာထူး အပြင် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့ကိုပါ ထိန်းချုပ် ထားခဲ့သည်။ ယခုရလဒ်အရ ကွန်ဂရက်လွှတ်တော်ကို ရီပတ်ဘလီကန် ပါတီက ဆက်လက်ထိန်းချုပ်နိုင်တော့မည်မဟုတ်သည့်အတွက် သမ္မတ ထရမ့်အနေဖြင့် ၎င်း၏မူဝါဒများကို အကောင်အထည်ဖော်ရာတွင် အခက်အခဲများနှင့် ပိုမိုရင်ဆိုင်ရဖွယ်ရှိသည်။

ဒီမိုကရက်တစ်ပါတီ၏ အနိုင်ရရှိမှုကို ဂုဏ်ပြုခဲ့ပြီး ဗီတိုအာဏာဖြင့် ပယ်ချခံရခြင်းကို ရှောင်ရှားလိုပါက ၎င်းနှင့် ပူးပေါင်းဆောင်ရွက်သင့် ကြောင်း ထရမ့်က CBS သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ ပြည်သူများအနေဖြင့် လူ့အဖွဲ့အစည်းကို သွေးကွဲစေ သည့် နိုင်ငံရေးထက် ပြည်သူများအကြား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်သည့် နိုင်ငံရေးကို လိုလားကြောင်း အမေရိကန် သမ္မတဟောင်းနှင့် ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဘားရက် အိုဘားမားက လူမှုကွန်ရက် မှတစ်ဆင့် မှတ်ချက်ပြုပြောကြားခဲ့သည်။

ဒီမိုကရက်တစ်ပါတီ၏ ရွေးကောက်ပွဲအောင်မြင်မှုနှင့်ပတ်သက်၍ ဒီမိုကရက်တစ်ပါတီက ကောင်းမွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် ရွေးကောက်ပွဲရလဒ်များကို လက်ခံမည်ဖြစ်ကြောင်း ထရမ့်က Fox News သတင်းဌာနနှင့် တယ်လီဗုန်းမှတစ်ဆင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ထို့ပြင် ရွေးကောက်ပွဲရလဒ်သည် ၎င်း၏အစိုးရအဖွဲ့ဝင်များနှင့် သက်ဆိုင်မှုမရှိကြောင်း ပြောကြားကာ အစိုးရအဖွဲ့ဝင်များကို အပြောင်း အလဲပြုလုပ်သွားမည်မဟုတ်ကြောင်းဝင်းက ဆက်လက်ပြောကြား ခဲ့သည်။

အင်နီအိတ်ချ်ကေ

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

နယူးဒေလီမြို့တော် လေထုအရည်အသွေးအခြေအနေ ပုံမှန်အတိုင်း ပြန်လည်ဆိုးရွား၊ လေထုညစ်ညမ်းမှုဒဏ်ထပ်မံကြုံတွေ့



နယူးဒေလီ နိုဝင်ဘာ ၄

ဆောင်းရာသီရောက်ရှိလာခြင်းနှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တော်တွင် လေထုအရည်အသွေး ပုံမှန်အတိုင်း ပြန်လည်ဆိုးရွားလာပြီး လေထုညစ်ညမ်းမှုဒဏ်ကို နောက်တစ်ကြိမ် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

ထိုကဲ့သို့ ညစ်ညမ်းသော လေကို ကာလရှည်ကြာ ရှူရှိုက်မိပါက အသက်ရှူလမ်းကြောင်း ဆိုင်ရာပြဿနာများကို ဖြစ်စေနိုင် သည့်အပြင် ရှိရင်းစွဲရောဂါများကိုလည်း ပိုမိုဆိုးရွားစေနိုင်မည် ဖြစ်သည်။

အာဏာပိုင်များအနေဖြင့် ဖုန်မှုန့်များ၊ မော်တော်ယာဉ် ထွက်ရှိစာတိုင့်များနှင့် အခြားသော လေထုညစ်ညမ်းစေသည့် အရင်းအမြစ်များကို ထိန်းချုပ်ရန် လေထုညစ်ညမ်းမှု တံ့ပြန်ဆောင်ရွက် ရေးအစီအစဉ် အဆင့်(၂) ကို စတင်ကျင့်သုံးဆောင်ရွက်လျက် ရှိသည်။

ဒေလီမြို့နှင့် မြောက်ပိုင်း အိန္ဒိယ အိမ်နီးချင်းဒေသများသည် ဆောင်းရာသီတိုင်းတွင် အန္တရာယ် ရှိသော လေထုညစ်ညမ်းမှုဒဏ်ကို ရင်ဆိုင်နေရပြီး အထူးသဖြင့် ဒေဝါလီပွဲတော် ကာလဝန်းကျင် တွင် ပိုမိုဆိုးရွားလေ့ရှိကြောင်း သိရသည်။ Mon

STOP AIDS

ခရီးသည်တင် လေယာဉ်ခုနစ်စင်းကို စစ်ဆေးမှုများပြုလုပ်ခဲ့

လန်ဒန် နိုဝင်ဘာ ၄

ဥရောပတစ်ဝှမ်းတွင် ဗုံးထောင်ထားသည်ဟု သံသယရှိသည့် ခြိမ်းခြောက်မှုများ ဆက်တိုက်ထွက်ပေါ်လာပြီးနောက် ဇြတိန်မှ ထွက်ခွာလာသော လေယာဉ်ခုစစ်းအပါအဝင် ခရီးသည်တင် လေယာဉ်ခုနစ်စင်းကို စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အမည်မသိ သတင်းပေးပို့ချက်များကြောင့် ဒဗ္ဗလင်မှထွက် ခွာလာသောတစ်စင်းနှင့် လစ်စဘွန်းမှထွက်ခွာလာသော တစ်စင်းပါဝင်သည့် ရိုင်ယန်အဲယား လေကြောင်းလိုင်း၏ လေယာဉ် နှစ်စင်းသည် ရောမမြို့သို့ ဆင်း သက်ပြီးနောက် စစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း ဖောက်ခွဲ ရေးပစ္စည်း တစ်စုံတစ်ရာ မတွေ့ရှိ ရပေ။

အာဏာပိုင်များအနေဖြင့် ပိုလန်၊ စပိန်နှင့် ဘူဂေးရီးယား နိုင်ငံတို့ရှိ လေယာဉ်များကိုလည်း စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြပြီး ပျံသန်းမှုကို နောင့်ယှက်ရန်ရည် ရွယ်သည့် ပူးပေါင်းကြံစည်တိုက် ခိုက်မှု ဟုတ်မဟုတ် သုံးသပ်ရန် အတွက် နိုင်ငံအသီးသီးမှအာဏာ ပိုင်များ ပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။ Mon





တရုတ်နိုင်ငံလုပ် ခရီးသွားကြည့်ရှုရေး ရေငုပ်သင်္ဘောယဉ်ပေါ်၌ ခရီးသည် သုံးဦးနှင့် ရေငုပ်ယာဉ်မှူးတစ်ဦးကို တင်ဆောင်နိုင်

ပေကျင်း နိုဝင်ဘာ ၄

တရုတ်နိုင်ငံလုပ် ခရီးသွားကြည့်ရှုရေး ရေငုပ်သင်္ဘောယဉ် တစ်စင်း ဖန်တီးရာတွင် ခရီးသည် သုံးဦးနှင့် ရေငုပ်ယာဉ်မှူးတစ်ဦး တို့အား ရေအနက် မီတာ ၂၀၀ အထိ တင်ဆောင်နိုင်ရန် ဒီဇိုင်း ရေးဆွဲထားကြောင်း ချိုင်းနားဒေလီသတင်းဌာနက ဖော်ပြသည်။

"ကျောင်းဇီ"ဟု အမည်ပေးထားသည့် အဆိုပါ လျှပ်စစ်စွမ်းအင်သုံး ရေငုပ်ယာဉ်ကို ရေအောက်ကြည့် ရှုလေ့လာရေး အတွက် ထုတ်လုပ်ဖန်တီးထားခြင်းဖြစ်သည်။ ကြည့်ရှုလေ့လာ နိုင်သော မှန်ပြတင်းမှတစ်ဆင့် ခရီးသည်များသည် လုံခြုံစွာသည့် ယာဉ်ခန်းအတွင်းမှ ပင်လယ်ရေ အောက်သက်ရှိများကို ကြည့်ရှု လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါ ရေငုပ်ယာဉ်တွင် အတား၊အဆီးများကို အလို အလျောက်ရှောင်ကွင်းသည့် စနစ် နှင့် အရေးပေါ် ရေမျက်နှာပြင်သို့ ပြန်လည်တက်ရောက်သည့် စနစ် များပါဝင်သည်။ ခရီးသည်များ အနေဖြင့် လိုက်ပါစီးနင်းရန် အတွက် အထူးသီးသန့်သင်တန်း များ တက်ရောက်ရန်မလိုကြောင်း သိရသည်။ Mon

လိတ်ခ်လန်းမြို့ ရှိ ဖလော်ရီဒါ ပိုလီတက်ကနစ် တက္ကသိုလ် ရဲတပ်ဖွဲ့ ကမ္ဘာ့ပထမဆုံး လျှပ်စစ်သုံး ကင်းလှည့်ယာဉ် မိတ်ဆက်ပြသ

ဝါရှင်တန် နိုဝင်ဘာ ၄

အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်ရှိ ရဲတပ်ဖွဲ့သည် တစ်နာရီလျှင် ၁၀၁ ကီလို မီတာအထိ မောင်းနှင်နိုင်ပြီး တစ် ကြိမ်အားသွင်းပါက မိနစ် ၂၀ ကြာ ပျံသန်းနိုင်သည့် ကမ္ဘာ့ပထမဆုံး လျှပ်စစ်သုံး ကင်းလှည့်အမျိုး အစား ပျံသန်းယာဉ်ဟု ခေါ်ဆို သောယာဉ်ကို မိတ်ဆက်ပြသ ကြောင်း သိရသည်။

လိတ်ခ်လန်းမြို့ ရှိ ဖလော်ရီဒါ ပိုလီတက်ကနစ် တက္ကသိုလ် ရဲတပ်ဖွဲ့က အက်စထရိဟု အမည် ပေးထားသည့် ခေါ်လာ ၁၄၈၀၀၀ တန် တစ်ယောက်စီး ထိုလေ ယာဉ်ငယ်အကြောင်း ယခင်လက မိတ်ဆက်ခဲ့သည်။

ကာလီဖိုးနီးယားအခြေစိုက် ဂျက်ဆန်လေကြောင်းကုမ္ပဏီမှ ထုတ်လုပ်ထားသည့် အက်စထရို သည် ဂျက်ဆန်ဝမ်း တစ်ကိုယ်ရေ သုံးလေယာဉ်ကို အခြေခံထားပြီး ခေါင်လိုက် အတက်အဆင်းပြု လုပ်နိုင်သော လျှပ်စစ်နည်းပညာ အသုံးပြုထားသဖြင့် ပြေးလမ်း မလိုဘဲ တက်ဆင်းပျံသန်းနိုင်မည် ဖြစ်ကြောင်း သိရသည်။ Mon



ပလတ်စတစ်သုံးစွဲမှုလျော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပွင့်ဖြူ နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရန်နှင့် ပလတ်စတစ်သုံးစွဲမှုလျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ဈေးရောင်း၊ဈေးဝယ်များအား ပလတ်စတစ်သုံးစွဲမှုလျော့ချရေး အသိပညာပေးခြင်းကို နိုဝင်ဘာ ၂ ရက်တွင် ပွင့်ဖြူမြို့မ စည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှဆောင်အရာရှိ ဦးလင်းမင်း ညွှန်ကြားရေးမှူး ဦးသိန်းဝင်းတို့က ဈေးသည်များနှင့် ဝယ်သူများအား ပလတ်စတစ်အိတ်အစား အိတ်ဆောင်များ အသုံးပြုရန်၊ ပလတ်စတစ်ထုပ်ပိုးခြင်းမပြုကြရန်၊ ပလတ်စတစ်ပစ္စည်းများ ဖြစ်သော အင်ဖက်၊ ငှက်ပျောဖက်၊ ကြာဖက်၊ စက္ကူတို့ကိုသာ အသုံးပြု၍ ထုပ်ပိုးရောင်းချကြရန်၊ ဈေးဝယ်လာပြည်သူများအနေဖြင့် မိမိတို့နေအိမ်မှ ထည့်စရာတစ်ခုခုကို တစ်ပါတည်း ယူဆောင်လာကြရန် စသည့် ပလတ်စတစ်သုံးစွဲမှုလျော့ချရေး လုပ်ငန်းများကို အသိပညာပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှဆောင်အရာရှိနှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့မ စည်ပင်သာယာဈေးအတွင်း ဈေးပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားမှု၊ အများသုံးသန့်စင်ခန်းများ သန့်ရှင်းသပ်ရပ်မှု ရှိမရှိ များကို လိုက်ပဲကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၄၅၅)





မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ တပ်ဆင်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်

တောင်တွင်းကြီး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့ မြို့မချောင်၌ စူပါအယ်နီညီဖြစ်စဉ်ကြောင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ တပ်ဆင်ထားရှိမှုအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၃ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့သည်။

စူပါအယ်နီညီဖြစ်စဉ်ကြောင့် ပူပြင်းခြောက်သွေ့ပြီး မြို့မချောင်းကြီးအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မြို့မချောင်းအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ အပေါ့စားမီးသတ်ပိုင်းနှင်းစက်များ ကြိုမိုင်မှုများစစ်ဆေးခြင်း၊ ရေထုတ်စမ်းသပ် မောင်းနှင်ခြင်း၊ မီးသတ်ဆေးဘူးများထားရှိမှုများနှင့် ဈေးရုံအလိုက် လျှပ်စစ်မီးလိုင်းများသွယ်တန်းထားရှိမှုတို့ကို မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)
ဦးမျိုး(ဗိသနိုးမြေ)



မီးဘေးအန္တရာယ်ကာကွယ်နိုင်စေရန်အတွက် ကွင်းဆင်းစစ်ဆေး

မန္တလေး နိုဝင်ဘာ ၄

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ သံလျက်မော်အနောက်ရပ်ကွက်ရှိ ၄၁လမ်း ညစျေးအား မီးဘေးအန္တရာယ်ကာကွယ်နိုင်စေရန်အတွက် နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးညွန့်ဝင်းအောင် ဦးဆောင်၍ သန္ဓေငါးဦး၊ အရန်ငါးဦးဖြင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်စေရန်အတွက် ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
(၀၅၆)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

မော်တော်ယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်၍ အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

လွိုင်လင် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၌ မော်တော်ယာဉ် ချောက်ထဲထိုးကျ တိမ်းမှောက်၍ အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် ရှမ်းပြည်နယ်၊ လွိုင်လင်မြို့နယ်၊ လွိုင်လင်-မိုင်းပွန်သွား ပြည်ထောင်စုကားလမ်း မိုင်တိုင်အမှတ် ၁၆၈ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ် တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ လွိုင်လင်မြို့မှ မိုင်းပွန်မြို့သို့ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်နေ ဦး.... (၃၇)နှစ်ဆိုသူ မောင်းနှင်ပြီး ကြည့်မြင်တိုင်မြို့နယ်နေ ဒေါ်... (၃၄)နှစ်ဆိုသူ၊ လှိုင်မြို့နယ်နေ ဒေါ်... (၃၄)နှစ်ဆိုသူနှင့် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်...(၄၃) နှစ်ဆိုသူတို့ လိုက်ပါလာသည့် SUZUKI CIAZ မော်တော်ယာဉ်ရှေ့မှ မောင်းနှင်နေသောယာဉ်အား ကျော်တက်မောင်းနှင်စဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ခြမ်းရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ဒေါ်... ဆိုသူတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ယာဉ်အား မဆင်မခြင် ပေါ့လျော့စွာမောင်းနှင်သူ ဦး... ဆိုသူအား လွိုင်လင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)
(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





ရန်-မန်းကားလမ်းတွင် Light Truck ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

မန္တလေး နိုဝင်ဘာ ၄

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၊ မိုင်တိုင်အမှတ် (၁၂/၂)နှင့်(၁၂/၃)အကြားတွင် နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက Light Truck တစ်စီးတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦး... ဆိုသူ မောင်းနှင်ပြီး အမျိုးသား ၁၀ ဦး လိုက်ပါလာသော Toyota TownAce Light Truck အဖြူရောင်ယာဉ်သည် ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ မောင်းနှင်လာစဉ် လားရာတူ အတိုင်း မောင်းနှင်နေသော ယာဉ်အား ကျော်တက်ရာမှ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်ရာသို့ အမြန်လမ်းရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ကူညီဆောင်ရွက်ခဲ့ကြပြီး ထိခိုက်ပွန်းပဲ့ဒဏ်ရာရသူများအား မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကာ ဖြစ်စဉ်နှင့်ပတ်သက်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (မိုးသီး)

––*–*–*–*–*



ပခုက္ကူတံတားအနီးတွင် ဇက်တွဲသင်္ဘောတစ်စီး မီးလောင်မှုဖြစ်ပွား

ညောင်ဦး နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်ရှိ ပခုက္ကူတံတားအနီးတွင် ဇက်တွဲသင်္ဘောတစ်စီး မီးလောင်မှု ယနေ့ နံနက် ၃ နာရီ မိနစ် ၂၀ ကျော်ခန့်က ဖြစ်ပွားခဲ့သည်။

ညောင်ဦးမြို့နယ်၊ လက်ပံခြေပေါ်ကျေးရွာအုပ်စု၊ ပခုက္ကူတံတား ၈၊ တိုင်အမှတ် ၅ တွင် ဇက်တွဲသင်္ဘောတစ်စီး မီးလောင်နေသဖြင့် ညောင်ဦးခရိုင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်ခဲ့ကြသဖြင့် နံနက် ၄ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါမီးလောင်မှုကို ၁ နာရီခွဲကြာ ငြိမ်းသတ်ခဲ့ရပြီး စတင်လောင်ကျွမ်းရသည့်အကြောင်း အရင်းနှင့်ပတ်သက်၍ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)
(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့်အလိုရှိတရားခံပြေး တစ်ဦး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၄

မြန်မာနိုင်ငံတွင် မူးယစ်ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ တစ်ဦးအား ထိုင်းနိုင်ငံမှ ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ထိုင်းနိုင်ငံတွင် ဖမ်းဆီးရမိသည့် မြန်မာနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး အောင်ဇော်မင်းခန့်အား လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် ဧန်နဝါရီ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအနီးတွင် တရားခံ နှစ်ဦးမောင်းနှင်လာသည့် မော်တော်ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၅၆ သိန်း ဖမ်းဆီးရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ တရားခံ ခြောက်ဦးနှင့်အတူ စိတ်ကြွဆေးပြား ၃ ဒသမ ၈ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ကီလို၊ ဘိန်းဖြူ ၁၆ ဒသမ ၃၉၆ ကီလိုတို့အား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၉ ဒသမ ၄၉၅၃၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများသယ်ဆောင် ရောင်းဝယ်ရာတွင် မူးယစ်မှောင်ခိုဂိုဏ်းဖွဲ့၍ အဓိကစီမံခန့်ခွဲသူမှာ အောင်ဇော်မင်းခန့် ၄၂ နှစ်၊ ကံကောက်ရပ်ကွက် ချမ်းအေးသာစံမြို့နယ် နေသူဖြစ်သည်။

ထိုသို့ သတင်းဖလှယ်ချက်အရ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) နှင့် လူဝင်မှုကြီးကြပ်ရေး ဗျူရိုတို့ ပူးပေါင်းအဖွဲ့မှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး အောင်ဇော်မင်းခန့်အား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ဟွိုင်ခွမ်ခရိုင်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၃ ရက် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)မှ တာဝန်ရှိသူများ Mr. Kanison Papernon ဦးဆောင်သည့်အဖွဲ့မှ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်လင်း ဦးဆောင်သည့် အဖွဲ့ထံသို့ ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံအတွင်း မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့်ချမှတ်ပြီး ဦးစားပေး လုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ တားဆီးနှိမ်နင်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ နောက်ကွယ်မှ ကျူးလွန်သူ တရားခံများအား ဖော်ထုတ်ဖမ်းဆီးခြင်းနှင့် ဆက်စပ်တရားခံပြေးများအား အိမ်နီးချင်းနိုင်ငံများ၊ MoU အဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်အတွင်း ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိ တရားခံပြေး ၁၂ ဦး၊ အင်ဒိုနီးရှားနိုင်ငံမှ မူးယစ်ပြစ်မှုဖြင့် အလိုရှိတရားခံပြေး တစ်ဦး တို့ကို သက်ဆိုင်ရာ နိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခုကဲ့သို့ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နိုင်ငံဖြတ်ကျော် မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများအား အပြန်အလှန် ဖော်ထုတ်ဖမ်းဆီး လွှဲပြောင်းပေးခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မြဲစေသည့်အပြင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၄

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ပပျောက်စေရေး အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင် လုံးဝ ပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး လုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်း မရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှု။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများ အနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၆ ထပ်အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၉၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၆ ထပ်အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ဖောက်ခွဲ၍ ဖြိုချမည့်အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၄ လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖြိုချဖျက်ဆီးရန် ကျန်ရှိသည့်အဆောက်အအုံ ၅၅ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိထိရောက်ရောက် အလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

၁၀၀

ရေမြောင်းပိတ်ဆို၍ ဆင်းဆယ်စဉ် ရေစီးပြင့်တစ်ပတ်အပေါက်တွင် ပိတ်ဆို့နေသူအား ကယ်ဆယ်

မန္တလေး နိုဝင်ဘာ ၄

ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အရောက်ရပ်ကွက်တွင် ယနေ့ နံနက်ပိုင်းက မိုးရွာသွန်းမှုကြောင့် ၈၃ လမ်းနှင့် ၃၄ လမ်း ထောင့်တွင် ရေမြောင်းပိတ်ဆို့သဖြင့် အသက် (၄၀)နှစ်အရွယ်ရှိ ဦးကျော်မင်းသူက ရေမြောင်းဆင်းဆယ်စဉ် ရေစီးဖြင့်တစ်ဖက်အပေါက်တွင် ပိတ်မိသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်စဉ် သတင်းရရချင်း ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးအရာရှိ ဦးညီထွေးဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်(၁)စီး၊ ရှာဖွေကယ်ဆယ်ရေး ယာဉ်(၁)စီး သန္ဓေတပ်ဖွဲ့ဝင်(၉)ဦး၊ ရှာဖွေကယ်ဆယ်ရေး အရန်မီးသတ်တပ်ဖွဲ့ဝင်(၁၀)ဦးတို့ဖြင့် ရှာဖွေကယ်ဆယ်ရေးသုံး စက်ကိရိယာများအသုံးပြု၍ ဘေးကင်းစွာဖြင့် ကယ်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)

o-o-o-o-o



ကမ်းနီကျေးရွာသို့ ဆက်သွယ်သောလမ်းပေါ်၌ ရေကျော်တည်ဆောက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

သရက် နိုဝင်ဘာ ၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်သော ဝက်သားစား-ဝက်တိုးမှ ကမ်းနီကျေးရွာသို့ ဆက်သွယ်သောလမ်းပေါ်၌ ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်အောင်သန့်၊ သရက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဝတ်ရည်ဦးနှင့် တာဝန်ရှိသူများက ဝက်သားစား-ဝက်တိုးမှ ကမ်းနီကျေးရွာလမ်းပေါ်ရှိ ပေ ၂၀၀ ရေကျော်၍ ဖျက်စီးနေသော Down Stream ကျောက်ရိုးအား ပေ ၆၀ တည်ဆောက်ခြင်းဆောင်ရွက်ပြီးစီးမှုနှင့် Retaining Wall ၁၇၅ ပေ တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)က လုပ်ငန်းများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရှိန်မြှင့်ပြီးစီးအောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

နေ့လူး



အလက်ဇန္ဒားအာနိုးလ် ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

မက်ဒရစ် နိုဝင်ဘာ ၄

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် (၂၈) နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက ရီးရဲလ်မက်ဒရစ်အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား အလက်ဇန္ဒားအာနိုးလ် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြင်ပွဲစုံ ၄၃ ပွဲကစားပြီး ခြေစွမ်းပြထားသည်။



ရီးရဲလ်မက်ဒရစ်အသင်းထုတ်ပြန်ချက်တွင် "အလက်ဇန္ဒားအာနိုးလ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ယောက်ပါ။သူကိုယ်တိုင်ကလည်း အသင်းမှာပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(ဝဲပုံ)**

(NGB)



2026 Austin 125 တင်းနစ်ပြိုင်ပွဲ နိဝင်ဘာ ၈ ရက်တွင် စတင်မည်

ဝါရှင်တန် နိဝင်ဘာ ၄

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Austin 125 တင်းနစ်ပြိုင်ပွဲ လာမည့်နိဝင်ဘာ ၈ ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Austin 125 တင်းနစ်ပြိုင်ပွဲကို နိဝင်ဘာ ၈ရက်မှ နိဝင်ဘာ ၁၆ ရက်အထိ ၉ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Austin 125 တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Austin 125 တင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံမှာ မက္ကဆီကို တင်းနစ်မယ် Renata Zarazua ဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**

ဂျူနီယာခရူပဲကို ခေါ်ယူရန် အာဆင်နယ်အသင်း စိတ်ဝင်စား

လန်ဒန် နိဝင်ဘာ ၄


အာဆင်နယ်အသင်းသည် ဘုန်းမောက်အသင်း တိုက်စစ်မှူး ဂျူနီယာခရူပဲကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက် (၂၀) နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၂၅-၂၀၂၆မှ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းကလည်း ဂျူနီယာခရူပဲအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ဘုန်းမောက်အသင်းထံမှ ဂျူနီယာခရူပဲကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)**

(NGB)



ဘာစီလိုနာအသင်းက အက်စတွန်ပီလာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



ဘာစီလိုနာ နိဝင်ဘာ ၄

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဘာစီလိုနာအသင်းနှင့် အက်စတွန် ဗီလာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဘာစီလိုနာအသင်းက အက်စတွန်ဗီလာအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ **(အပေါ်ပုံ)**

ဘာစီလိုနာအသင်းအတွက် သွင်းဂိုးသုံးဂိုးကို ပွဲချိန် ၇မိနစ်တွင် ယာမဲလ်၊ ပွဲချိန် ၅၂ မိနစ်နှင့် ၆၄မိနစ်တွင် ရာဖင်ဟာတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဘာစီလိုနာအသင်းသည် ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်အဖြစ် လာမည့်နိဝင်ဘာ ၂၆ ရက်တွင် ဆာဘက်ချ်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)


0-0-0-0-0

နည်းပြ နူနီဆန်းတို့စ်ကို နည်းပြရာထူးမှ ဝက်စ်ဟမ်းအသင်းထုတ်ပယ်

လန်ဒန် နိဝင်ဘာ ၄

ဝက်စ်ဟမ်းအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ထင် သလောက် ရလဒ် များကောင်းမွန်ခြင်းမရှိသောကြောင့် နည်းပြနူနီဆန်းတို့စ်ကို နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ပြီဖြစ်သည်။

ဝက်စ်ဟမ်းအသင်းသည် အင်္ဂလိပ်ချန်ပီယံရှစ်ပြိုင်ပွဲ ၁၃ပွဲကစားအပြီးတွင် ရမှတ် ၂၂မှတ်ဖြင့် အဆင့် ၈နေရာတွင် ရပ်တည်ပြီး ရလဒ်များကောင်းမွန်ခြင်း မရှိသောကြောင့် နည်းပြ နူနီဆန်းတို့စ်ကို ရာထူးမှထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။



နည်းပြ နူနီဆန်းတို့စ်သည် ဝက်စ်ဟမ်းအသင်းကို ၂၀၂၅ခုနှစ် စက်တင်ဘာ ၂၇ရက်က စတင် ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၃ပွဲတွင် ၁၉ ပွဲ နိုင်၊ ၁၅ပွဲ သရေ၊ ၁၉ ပွဲရှုံး ရလဒ်ဝိုင်ဆိုင်ခဲ့သည်။ **(ဝဲပုံ)**

ဝက်စ်ဟမ်းအသင်းထုတ်ပြန်ချက်တွင် "နည်းပြ နူနီဆန်းတို့စ်ကိုရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံး ရွာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

ဘောလုံးသတင်းအတိုအထွာများ

* စီရင်နယ်လ်ပို သားဖြစ်သူ ခရစ္စတီယာနိုရော်နယ်လ်ဒို ဂျူနီယာ ပေါ်တူဂီ ယူ-၁၇အသင်းတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

* ရီးရဲလ်မက်ဒရစ်အသင်းနည်းပြ မော်ရင်ဟိုက မိမိအနေဖြင့် အသင်းနှင့်အတူ ဆုဖလားများစွာရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **(NGB)**

ဟယ်ရီကိန်း ဘိုင်ယန်မြူးနစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

မြူးနစ် နိဝင်ဘာ ၄

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

အသက် (၃၃) နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။



တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ပွဲကစားပြီး ၁၀ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "ဟယ်ရီကိန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်နိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

မန်ယူအသင်း ဂိုးမားအသင်းကို အနိုင်ယူပြီး ပြိုင်ပွဲစုံ ၉ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့

လန်ဒန် နိဝင်ဘာ ၄

မန်ယူအသင်းသည် ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အမှတ်ပေးလိဂ်အဆင့် ပွဲစဉ်တွင် ဂိုးမား အသင်းကို သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ယူပြီး ပြိုင်ပွဲစုံ ၉ ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့သည်။ **(အောက်ပုံ)**

ယခုပွဲစဉ်တွင် မန်ယူအသင်းသည် ပထမပိုင်းတွင် ဦးဆောင်ဂိုး နှစ်ဂိုး ခွင့်ပြုခဲ့ရသော်လည်း ဒုတိယပိုင်းတွင် ဂိုးများအသင်း ဘက်သို့ သွင်းဂိုးသုံးဂိုး သွင်းယူနိုင်ခဲ့ပြီး နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် နောက်ဆုံးပြိုင်ပွဲစုံ ၉ပွဲဆက်ထိ နိုင်ပွဲပျောက်ဆုံးခဲ့ပြီး ယခုနိုင်ပွဲကြောင့် ဖိအားများ လျော့ကျခဲ့ရသည်။

နည်းပြ ကာရစ်က "ဂိုးများအသင်းကို အနိုင်ရရှိခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီပွဲမှာ အသင်းသားတွေရဲ့ ကစားပုံကိုလည်း ကျေနပ်အားရမိပါတယ်။ နောက်လာမည့်ပွဲစဉ်တိုင်းကိုလည်း ယခုလို နိုင်ပွဲတွေ ရရှိဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(NGB)**



ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေး လိဂ်အဆင့်) (ပွဲစဉ်-၄) နိဝင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		
၆-၁၁-၂၀၂၆ နံနက် ၀၀း၁၅နာရီ	အော်ဒီလန်	-	ဗီရန်တမ်ပိန်
″	ပဲလ့စ်	-	ဟော်ဇန်ဟိမ်း
″	ဆိုစီဒက်	-	လိုင်ပယ်ဇ်
″	စပါတာပရာဂ်	-	ဘုန်းမောက်
၆-၁၁-၂၀၂၆ နံနက် ၀၂း၃၀ နာရီ	AZ အယ်လ်စမာ	-	ဂျွဗင်တပ်
″	လေဗာကူဆင်	-	မာဆေးလ်
″	ဘင်ဖီကာ	-	လက်ခ်ပိုဇ်နန်
″	ဆဲလ်တာဗီဗို	-	စိန်ဂယ်လ်ဂိုက်စ်
″	ဆဲလ်တစ်	-	ဘီဆစ်တပ်စ်
″	ဆန်းဒါးလန်း	-	ဗိုင်နမ့်ဗာဂရက်
″	စတမ်းဂရက်ဒ်	-	NK ဆယ်လ်ဂျယ်

ကွန်ဖရင့်လိဂ် ဘောလုံးပြိုင်ပွဲ (အမှတ်ပေးလိဂ်အဆင့်) (ပွဲစဉ်-၃) နိဝင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်		
၆-၁၁-၂၀၂၆ နံနက်၀၀း၁၅နာရီ	မစ်ဇ္ဂးလန်	-	အေဂျက်စ်
″	အတ္တလန္တာ	-	ကိုင်ရတ်အယ်လ်မာတီ
၆-၁၁-၂၀၂၆ နံနက်၀၂း၃၀နာရီ	ထရက်ဇွန်စပေါ်	-	ဖရိုင်းဘတ်
″	ဂီတာဖေး	-	ဘရိုက်တန်
″	မိုနာကို	-	နော့ဇ်ဂျလန်



အခြေခံတန်ဖိုးမြှင့် ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

ရမည်းသင်း နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား၊ အလယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းဖြင့် ဖွင့်လှစ်သော ဆီး၊ မန်ကျည်းနှင့် ငရုတ် အခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲကို နိုဝင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ကံသာအေးကျေးရွာခမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးချစ်က သင်တန်းဆင်းအဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျေးလက်နေ ပြည်သူများ ဒေသထွက်သီးနှံကုန်ကြမ်းများအပေါ် အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်စေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရန် သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အဖွဲ့ဝင်များ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများက သင်တန်းသားများ လက်တွေ့ပြုလုပ်ထားသည့် ဆီး၊ မန်ကျည်း၊ ငရုတ် အခြေခံတန်ဖိုးမြှင့်စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ၊ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသား ၅ ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့ကာ ထူးချွန်သင်တန်းသားများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)အောင်ဝိုင်ဟိန်း**

အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန် ရွှေဇဝါယွန်းထည်လုပ်ငန်းသင်တန်းဖွင့်လှစ်

ညောင်ဦး နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၊ မြင်းကပါကျေးရွာ ရွှေဇဝါယွန်းထည်လုပ်ငန်းများ တွင်ကျယ်စွာလုပ်ကိုင်နိုင်ရေးနှင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရန် ရွှေဇဝါ ယွန်းလုပ်ငန်းသင်တန်းဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြင်းကပါကျေးရွာတွင် ကျင်းပခဲ့သည်။

ရွှေဇဝါယွန်းလုပ်ငန်း သင်တန်းတွင် ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းနှင့်ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ရွှေဇဝါယွန်းလုပ်ငန်း လက်တွေ့သင်ကြားပြသနေမှုနှင့် ယွန်းထည်ရက်လုပ်ငန်းတွင် အသုံးပြုသည့် ပစ္စည်းများအား သင်တန်းနည်းပြတို့က ရှင်းလင်းပြသနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(ယာမုံ)(၄၈၁)**



ဝက်သက်ဂျိုက်သိုး ရောဂါကာကွယ်ဆေးထပ်ဆောင်းထိုးနှံခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး နိုဝင်ဘာ ၄

မန္တလေး၊ မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနခွဲ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာဇော်ဇော်အောင်က ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် ရည်ရွယ်ချက်များ၊ ဆောင်ရွက်ရမည့် အချိန်ကာလ၊ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဆောင်ရွက်ရမည့် ဌာနဆိုင်ရာများ၊ ဆောင်ရွက်ရမည့် ပုံစံများ၊ ဆောင်ရွက်ရမည့် ကာလ



မြင်ဦးလွင်မြို့အဝင် ပွေးတောင်အနီးရှိ ကော်ဖီဥယျာဉ် ဝင်ကြေးအခမဲ့ပြင့် လာရောက်လေ့လာအပန်းပြေနိုင်

မန္တလေး နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့အဝင် ပွေးတောင်အနီးတွင် ရှိသော ကော်ဖီဥယျာဉ်သည် အများပြည်သူများ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်လေ့လာအပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်ပြီး ပြည်တွင်းခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။

အဆိုပါကော်ဖီဥယျာဉ်တွင် ကော်ဖီပင်များကို စိုက်ပျိုးထားရှိသည့်အပြင် ကော်ဖီပင်များ၏ သဘာဝအလှအပနှင့် စိုက်ပျိုးထားရှိမှုများကို လေ့လာနိုင်သည့် အတွက် ကော်ဖီစိုက်ပျိုးမှုကို စိတ်ဝင်စားသူများအတွက်လည်း လေ့လာစရာနေရာတစ်ခုဖြစ်သည်။

ထို့ပြင် ကော်ဖီဥယျာဉ်အတွင်း အများပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ထိုင်ခုံများကိုလည်း စီစဉ်ထားရှိပြီး ကော်ဖီဆိုင်လည်း ဖွင့်လှစ်ထားသည်။ လာရောက်လည်ပတ်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်အတွင်း အေးချမ်းစွာ အနားယူနိုင်သည့်အပြင် ကော်ဖီသောက်ရင်း အပန်းဖြေအနားယူနိုင်မည် ဖြစ်သည်။

အဆိုပါကော်ဖီဥယျာဉ်အတွင်း မြန်မာနိုင်ငံကော်ဖီအသင်းလည်း တည်ရှိပြီး ကော်ဖီနှင့်ပတ်သက်၍ လေ့လာစရာများရှိသည့် နေရာတစ်ခုလည်း ဖြစ်သည်။ ထို့အပြင် ရေငြာအိုင်တစ်ခုလည်း ပါရှိသဖြင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်သည့် အပြင် ဓာတ်ပုံရိုက်ကူးလိုသူများအတွက်လည်း လှပသည့်နေရာများစွာ ရှိသည်။

ပြင်ဦးလွင်မြို့သည် အေးမြသည့်ရာသီဥတုနှင့် သဘာဝအလှအပများကြောင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှု များပြားသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုကဲ့သို့ ဝင်ကြေးအခမဲ့ဖြင့် ဝင်ရောက်လေ့လာနိုင်သည့် ပွေးတောင်အနီးရှိ ကော်ဖီဥယျာဉ်သည် မိသားစုလိုက်ဖြစ်စေ၊ သူငယ်ချင်းအပေါင်းအသင်းများနှင့်ဖြစ်စေ လာရောက်လည်ပတ် အပန်းဖြေနိုင်သည့် နေရာတစ်ခုဖြစ်သည်။

ထို့ကြောင့် ပြင်ဦးလွင်မြို့သို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားပြည်သူများအနေဖြင့် ကော်ဖီပင်များကို လေ့လာခြင်း၊ သဘာဝရှုခင်းများကြည့်ရှုခြင်း၊ ကော်ဖီသောက်သုံးခြင်းနှင့် အမှတ်တရဓာတ်ပုံများရိုက်ခြင်းများကို တစ်နေရာတည်းတွင် ပြုလုပ်နိုင်သည့် နေရာတစ်ခုဖြစ်သည်။

(အပေါ်ပုံ)

ကျော်စေယျ (မန္တလေးနေ့စဉ်)

ဆရာကြီး နတ်မောက်ထွန်းရှိန် အမှတ်တရဂုဏ်ပြုမဂ္ဂဇင်း နိဝင်ဘာလမကုန်မီ ထွက်ရှိမည်

မန္တလေး နိဝင်ဘာ ၄

ဆရာကြီး နတ်မောက်ထွန်းရှိန် အမှတ်တရဂုဏ်ပြု မဂ္ဂဇင်းကို ၂၀၂၄ ခုနှစ်က စတင်ပြုစုခဲ့ပြီး ယခု ၂၀၂၆ ခုနှစ်တွင် စာမျက်နှာပေါင်း ၅၉၂ မျက်နှာအထိ ပါဝင်သည့် မဂ္ဂဇင်းကြီးအဖြစ် ထုတ်ဝေနိုင်ရန် ပြင်ဆင်မှုများ ပြီးစီးလုနီးပါးဖြစ်နေပြီဖြစ်သည်။

အဆိုပါမဂ္ဂဇင်းတွင် ဝမ်းစီ (တစ်ကာလာ) ၆၈ ဖောင်၊ စာမျက်နှာ ၅၄၄ မျက်နှာနှင့် ဖိုးစီ (ရောင်စုံ) ခြောက်ဖောင်၊ စာမျက်နှာ ၄၈ မျက်နှာ ပါဝင်ပြီး စုစုပေါင်း စာမျက်နှာ ၅၉၂ မျက်နှာရှိသည်။

လက်ရှိတွင် အားလုံးပြင်ဆင်ပြီးဖြစ်ကာ မာတိကာ အလှဆင်ရန်နှင့် ဖိုးစီ(ကာလာ) မွမ်းမံရန်သာ ကျန်ရှိတော့ပြီး နိဝင်ဘာလဆန်းပိုင်းတွင် အားလုံးပြီးစီးမည်ဟု မျှော်မှန်းထားကြောင်း မဂ္ဂဇင်းပြုစုသူက ရေးသားထားသည်။ ထို့နောက် လစ်ဟာမှုများ ရှိ၊ မရှိ အသေးစိတ်ပြန်လည်စစ်ဆေးရန် ကျန်ရှိနေသေးသည်။

မဂ္ဂဇင်းပြုစုရေး လှုပ်ရှားမှုများကို ဖေ့စ်ဘွတ်ခ်ပေါ်တွင် မှတ်တမ်းအဖြစ် ရေးသားတင်ပြခဲ့ရာမှ အဆိုပါမှတ်တမ်းများကို စုစည်းပြီး ဓာတ်ပုံများဖြင့် တန်ဆာဆင်လိုက်ရာ စာမျက်နှာ ၃၀ ရှိလာခဲ့ကြောင်း၊ ယင်းမှာ ဆရာကြီးအပေါ် ထားရှိသည့် သံယောဇဉ်ကြောင့် မိမိကိုယ်တိုင် ထည့်သွင်းလိုသည့်အတွက် ပြုစုခဲ့ခြင်း ဖြစ်သည်။

ဆရာကြီး နတ်မောက်ထွန်းရှိန်သည် ၁၉၃၈ ခုနှစ်၊ နိဝင်ဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဘော်အိုင်ကျေးရွာ၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးထွန်းရှိန်ဖြစ်သည်။ သတင်းစာဆရာ၊ စာရေးဆရာနှင့် သမိုင်းသုတေသီတစ်ဦးအဖြစ် စာပေလောကတွင် ထင်ရှားခဲ့ပြီး လူထုသတင်းစာ၊ လုပ်သားပြည်သူ့နေ့စဉ်နှင့် ဟံသာဝတီ သတင်းစာတို့တွင် သတင်းထောက်၊ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့ပြင် မန္တလေးနေ့စဉ်သတင်းစာတွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ယူခဲ့သူလည်း ဖြစ်သည်။



ဆရာကြီးသည် မန္တလေးမြို့ ၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် အနုပညာအမွေအနှစ်များကို အလေးထားလေ့လာရေးသားခဲ့သူဖြစ်ပြီး ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည်စာအုပ်ဖြင့် ၂၀၀၁ ခုနှစ် အမျိုးသားစာပေဆု၊ ရတနာပုံမန္တလေးခေတ် နိုပါတ်ပန်းချီကျော်များနှင့် နိုပါတ်ပန်းချီလက်ရာများ စာအုပ်ဖြင့် ၂၀၁၁ ခုနှစ် အမျိုးသားစာပေဆုများ ရရှိခဲ့သည်။ အဆိုပါစာအုပ်ဖြင့် ပင် ၂၀၁၄ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းစာပေဆုကိုလည်း ရရှိခဲ့သည်။

ဆရာကြီးသည် ဆောင်းပါးပေါင်း ၁၀၀၀ ကျော်နှင့် စာအုပ် ၁၇အုပ် ရေးသားထုတ်ဝေခဲ့ပြီး ၂၀၁၉ ခုနှစ်၊ နိဝင်ဘာ ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးအပေါ် လွမ်းဆွတ်သံယောဇဉ်ဖြင့် ပြုစုထားသည့် အဆိုပါ အမှတ်တရဂုဏ်ပြုမဂ္ဂဇင်းကြီးကို ၂၀၂၆ ခုနှစ် နိဝင်ဘာလမကုန်မီ ထုတ်ဝေနိုင်ရန် မျှော်မှန်းထားကြောင်း၊ မဂ္ဂဇင်းထွက်ရှိလာစေရန် စီစဉ်သူအဖွဲ့ ရဟန်းစာဆိုတက္ကသိုလ် တေဇာလင်းက မန္တလေးနေ့စဉ်သို့ ပြောသည်။ **(အပေါ်ပုံ)**

ရွှေမန်း

ပြင်ဦးလွင် ၂၁ မိုင်ရှိ ပဲစိမ်းကြော်ဆိုင်များ အရောင်းအနေ

မန္တလေး နိဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်ရှိ ခရီးသွားဧည့်သည်များ အများအပြားလာရောက်လေ့ရှိသည့် ၂၁ မိုင်နေရာတွင် ပဲစိမ်းကြော်ရောင်းချသည့် ဆိုင်များ၏ အရောင်းအဝယ်သည် ယခင်ကာလများထက် အေးစက်လာကြောင်း အဆိုပါ အရောင်းဆိုင်များထံမှ သိရသည်။

ယခင်က ၂၁ မိုင်နေရာသည် ပြင်ဦးလွင်မြို့သို့ သွားလာကြသည့် ခရီးသွားဧည့်သည်များ အများအပြားဝင်ရောက်နားခိုကာ ဒေသထွက်စားသောက်ကုန်များနှင့် ပဲစိမ်းကြော်များကို ဝယ်ယူစားသုံးလေ့ရှိသည့် နေရာတစ်ခုဖြစ်ပြီး အရောင်းအဝယ်ကောင်းမွန်ကာ စည်ကားမှုရှိခဲ့သည်။

သို့သော် ယခုကာလတွင် ၂၁ မိုင်အထက်ပိုင်းရှိ နေရာများ၌ ပဲစိမ်းကြော်အရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်လာခြင်းကြောင့် ဆိုင်များအကြား ဝယ်ယူသူများ ခွဲဝေသွားပြီး ယခင်ကဲ့သို့ ရောင်းအားမကောင်းတော့ကြောင်း အရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ထို့အပြင် အရောင်းဆိုင်များ တိုးပွားလာခြင်းနှင့်အတူ ခရီးသွားဧည့်သည်များ၏ ဝယ်ယူမှုများလည်း ဆိုင်အမျိုးမျိုးသို့ ခွဲဝေသွားနိုင်သဖြင့် ယခင်က အရောင်းအဝယ်ကောင်းမွန်ခဲ့သည့်ဆိုင်များတွင်ပင် ရောင်းအားကျဆင်းမှုများ ကြုံတွေ့လာရသည်။



၂၁ မိုင်နေရာသည် ပြင်ဦးလွင်မြို့သို့ သွားလာကြသည့် ခရီးသွားဧည့်သည်များအတွက် အမှတ်တရစားသောက်ကုန်များ ဝယ်ယူလေ့ရှိသည့် နေရာတစ်ခုဖြစ်ရာ ပဲစိမ်းကြော်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် ယခင်ကဲ့သို့ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာစေရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

ကျော်စေယျ(မန္တလေးနေ့စဉ်)

မန္တလေးမြို့တွင် မြန်မာ - ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးကို ဖော်ဆောင်သည့်အနေဖြင့် "Korea - Myanmar Future Hope Festival 2026" ပွဲတော်ကျင်းပမည်



မန္တလေး နိဝင်ဘာ ၄

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေးကို ဖော်ဆောင်သည့် အနေဖြင့် "Korea - Myanmar Future Hope Festival 2026" ပွဲတော်နှင့် အနုပညာဖျော်ဖြေပွဲကြီးကို နိဝင်ဘာလ ၂၂ ရက်တွင် မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေမန္တလာအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် ဘောလုံးဝါသနာရှင်များအတွက် မြန်မာနိုင်ငံ-ကိုရီးယားနိုင်ငံတို့မှ အနုပညာရှင်များ ပါဝင်မည့် ဘောလုံးကစား ပွဲ (Celebrity Football Match) အပြင် K-POP နှင့် M-POP တေးဂီများဖြင့် ဖျော်ဖြေတင်ဆက်မည့် Friendship Concert ပွဲကြီးလည်း ပါဝင်သွားမည်ဖြစ်ရာ ၎င်းဖျော်ဖြေပွဲ၌ နိုင်ငံကျော် အဆိုတော် ပိုပို၊ Project K နှင့် အခြားအနုပညာရှင်များ ပါဝင်ကပြဖျော်ဖြေသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်ကို အောင်မြေမန္တလာအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ရာ လက်မှတ်ဈေးနှုန်းများမှာ Zone A အတွက် ငွေကျပ် ၃၀၀၀၀ နှင့် Zone B အတွက် ငွေကျပ် ၂၀၀၀၀ သတ်မှတ်ထားပြီး လက်မှတ်ဝယ်ယူထားသူများအတွက် ကံစမ်းမဲနှင့် လက်ဆောင်ပေးအပ်မည့် အစီအစဉ်များပါဝင်ပြီး လက်မှတ်များကို AYA Pay မှတစ်ဆင့် ဝယ်ယူနိုင်သည်။ **(ဝဲပုံ)**

ပွဲတော်နှင့် ပတ်သက်သည့် အသေးစိတ် အချက်အလက်များကို Facebook Page - CST Myanmar ၏ Messenger သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၅)**

Health အလှအပနှင့် ကျန်းမာရေးကဏ္ဍ



မျက်ခုံးမွေးပုံဖော်ခြင်းနှင့် မျက်နှာပုံစံအပေါ် သက်ရောက်မှု

မျက်ခုံးမွေးဆိုတာ မျက်နှာတစ်ခုလုံးရဲ့ ပေါင်လို့ တင်စားကြပါတယ်။ မျက်ခုံးပုံစံမှန်ကန်ရုံနဲ့ မျက်ဝန်းတွေ ပိုပေါ်လွင်လာပြီး မျက်နှာအချိုးအစားကို ညီညာလှပစေပါတယ်။ မိမိရဲ့ မျက်နှာပုံစံနဲ့ ကိုက်ညီတဲ့ မျက်ခုံးပုံစံကို ရွေးချယ်တတ်ဖို့ အဓိကလိုအပ်ပါတယ်။

မျက်နှာဝိုင်းတွေအတွက် မျက်နှာအကျယ်ကို ပိုပြီး သွယ်လျ ရှည်လျားစေချင်ရင် ပုံမှန်မျက်ခုံးပုံစံထက် ပိုခုံးပြီး၊ ပိုမြင့်တဲ့ မျက်ခုံးပုံစံက အသင့်တော်ဆုံးပါပဲ။

မျက်နှာရှည်လျားသူတွေအတွက် မျက်နှာကို ပိုရှည်မသွားစေဘဲ ဟန်ချက်ညီစေဖို့ မျက်ခုံးကိုနိမ့်ပြီး အနည်းငယ်ဖြောင့်စင်းတဲ့ Soft Arch / Flat မျက်ခုံးပုံစံကို ရွေးချယ်သင့်ပါတယ်။

မေးရိုးထင်ရှားတဲ့ စတုဂံပုံ မျက်နှာအတွက် မျက်နှာထောင့်ချိုးတွေကို မသိသာစေဖို့ မျက်ခုံးအစွန်းတွေ တိကျပြီး ချွန်နေတဲ့ပုံစံမျိုးထက် ခပ်ပြေပြေမျက်ခုံး (Soft Rounded)ပုံစံက မျက်နှာအသွင်အပြင်ကို ပိုဖြူးပြေပြစ်သွားစေပါတယ်။

အသည်းနှလုံးပုံ မျက်နှာပိုင်ရှင်တွေက နဖူးကျယ်ပြီး မေးစေ့ချွန်တဲ့အတွက် သဘာဝကျပြီး သိပ်မခုံး၊ သိပ်မမြင့်၊ မျက်ခုံးအရွယ်သိပ်မကြီးဘဲ ခပ်ပါးပါး လေးနဲ့ပြေပြေလေးပုံစံက အလိုက်ဖက်ဆုံးပါပဲ။

မျက်ခုံးမွေးခြယ်တဲ့အခါ ထိပ်ပိုင်းကို အရောင်ရင့်ရင့်မဆိုးဘဲ ခပ်ဖွဖွလေးပုံဖော်ပေးပြီး အဖျားပိုင်းကို အနည်းငယ်ပိုရင့်အောင် ဆိုးပေးခြင်းက မျက်နှာကို တင်းမာမနေဘဲ သဘာဝဆန်ဆန် လှပစေပါတယ်။

Daisy

သွားတိုက်ဆေးရွေးချယ်ရာတွင် ပါဝင်ပစ္စည်းများ စစ်ဆေးခြင်း

သွားတွေကို ဖြူစင်စေဖို့ သွားတိုက်ဆေး ရွေးချယ်ရာမှာ အစွမ်းထက်ပြီး ပွန်းပဲ့စေနိုင်တဲ့ ဓာတုပစ္စည်းတွေ၊ သွားတိုက်ဆေးတွေကို နေ့စဉ် အလွန်အကျွံ သုံးစွဲတာက သွားကြေလွှာကို ပါးသွားစေပြီး သွားကျဉ်ခြင်းကို ဖြစ်စေနိုင်ပါတယ်။

ဒါကြောင့် သွားနဲ့ခံတွင်း ဆရာဝန်တွေ ညွှန်ကြားထားတဲ့ Fluoride ပါဝင်မှုမှန်ကန်တဲ့ သွားတိုက်ဆေးတွေကို ရွေးချယ်သင့်ပြီး သွားတိုက်သည့်အခါ အားနဲ့ ဖိတိုက်တာမျိုး မပြုလုပ်ဘဲ ညင်ညင်သာသာ တိုက်ပေးဖို့ လိုအပ်ပါတယ်။

ဒါ့အပြင် သွားတိုက်ဆေး ဝယ်ယူတဲ့အခါ ပါဝင်ပစ္စည်း တွေဖြစ်တဲ့ ဆာလဖိတ် (SLS - Sodium Lauryl Sulfate) ပါဝင်မှုကိုလည်း သတိပြုစစ်ဆေး သင့်ပါတယ်။ SLS ဟာအမြှုပ် ထွက်အားကောင်းပေမယ့် ခံတွင်းကို ယားယံစေပြီး ပါးစပ်မှာ အနာတွေ မကြာခဏ ဖြစ်ပေါ် စေနိုင်တာကြောင့် ထိခိုက်လွယ်သူတွေအတွက် SLS Free သွားတိုက်ဆေးတွေကို ရွေးချယ်သုံးစွဲခြင်းက သွားနဲ့ ခံတွင်းတစ်ရှူးကျန်းမာရေးအတွက် ပိုပြီး စိတ်ချရပါတယ်။

Daisy





မျက်မှန်တပ်တဲ့သူတွေအတွက် မိတ်ကပ်လိမ်းနည်း

ပါဝါမျက်မှန်တပ်ရတဲ့သူတွေက မျက်မှန်ကိုင်းရဲ့ အရိပ်ကြောင့် မျက်လုံးအောက်ညိတာ၊ မျက်တောင်မွေးတွေက မျက်မှန်ရဲ့ မှန်နဲ့ထိတာ၊ နှာခေါင်းပေါ်မှာ မျက်မှန်အရာထင်တဲ့ ပြဿနာတွေ ကြုံတွေ့ရတတ်ပါတယ်။ ဒါကြောင့် မျက်မှန်တပ်သူတွေအတွက် အဆင်ပြေမယ့်မိတ်ကပ်နည်းလမ်းကို မျှဝေပေးလိုက်ပါတယ်။

မျက်မှန်ကိုင်းကြောင့် မျက်လုံးအောက်မှာ အရိပ်ကျပြီး ညိမည်းနေတာမျိုးမဖြစ်အောင် ငှင်းနေရာမှာ Concealer လိမ်းပြီး လင်းအောင်ပြုလုပ်ပေးရပါမယ်။ နှာခေါင်းပေါ်က မျက်မှန်ထောက်တဲ့နေရာမှာ မိတ်ကပ်တွေ ကွက်ပြီး အရာထင်နေတာမျိုး မဖြစ်အောင် ငှင်းနေရာကို မိတ်ကပ်ပါးပါးလေးလိမ်းပြီး Loose Powder နဲ့ အပေါ်ကနေ နှစ်ထပ် လိမ်းပေးပါ။ Mascara ဆိုးတဲ့အခါ မျက်တောင်မွေးကို အရှေ့ဘက်ကိုမကော့ဘဲ ဘေးဘက်ကိုစောင်းပြီး ဆိုးပေး၊ ကော့ပေးခြင်းဖြင့် မျက်တောင်မွေးတွေ မှန်ဘီလူးနဲ့မထိဘဲ မျက်လုံးအလှကို ပိုပြီး ပေါ်လွင်စေပါတယ်။

Eyeshadow ခြယ်တဲ့အခါ နှာခေါင်းနဲ့ မျက်လုံးထောင့်ကြားကနေရာနဲ့ မျက်လုံးအောက်က မျက်ခမ်းတစ်ဝိုက်မှာ High lighter / Glitter ပါတဲ့ Eyeshadow အဖျော့ကို ခြယ်ပေးရင် မျက်မှန်တပ်ထားရင် မျက်လုံးအလှကို ပျောက်မသွားစေဘဲ လှပနေမှာပါ။

နောက်ထပ်အရေးကြီးဆုံးတစ်ချက် မျက်မှန်တပ်တဲ့အခါ ကိုယ့်မျက်နှာနဲ့လိုက်ဖက်တဲ့ မျက်မှန်ပုံစံကို ရွေးချယ်တတ်ဖို့လည်း လိုအပ်ပါတယ်။

Daisy

ခန္ဓာကိုယ်အမွေးအမှင်ဖယ်ရှားတဲ့အခါ ပြုလုပ်ရမယ့် Exfoliationc

ခြေထောက်(သို့မဟုတ်) လက်မွေးတွေကို ရိတ်ခြင်း၊ ဖယ်ရှားခြင်း မပြုလုပ်ခင် ငှင်းနေရာတွေကို သဘာဝ Scrub နဲ့ အရင်ဆုံး ဆဲလ်သေတွေကို ဖယ်ရှားပေးခြင်း(Exfoliation)ပြုလုပ်ပေးဖို့လိုပါတယ်။အဲ့ဒီလို ပြုလုပ်ပေးခြင်းက အရေပြားပေါ်မှာရှိတဲ့ ဆဲလ်သေတွေကို ဖယ်ရှားပေးပြီး ရိတ်ခြင်း(Waxing) လုပ်တဲ့အခါ ချောမွေ့စေပြီး အမွေးအမှင်တွေ အရေပြားအတွင်းထဲမှာကွေးပြီး ပေါက်ရောက်ခြင်း (Ingrown Hairs)ခြင်းကို ကာကွယ်ပေးပါတယ်။ရိတ်ခြင်း(Waxing)လုပ်ပြီး ရင်လည်း ရှားစောင်းလက်ပပ်ကျယ်လို့(သို့မဟုတ်)အစိုဓာတ်ဖြည့်အဆီနဲ့ အစိုဓာတ်ဖြည့်တင်းပေးဖို့ လိုအပ်ပါတယ်။

ဆဲလ်သေတွေကို ဖယ်ရှားတဲ့အခါ ကြမ်းတမ်းတဲ့ Scrub အမျိုးအစားကို သုံးခြင်းထက် နူးညံ့ပြီး သဘာဝပစ္စည်း(သို့မဟုတ်) AHA BHA ပါဝင်တဲ့ ခန္ဓာကိုယ်သုံး Exfoliator များကို အသုံးပြုပေးခြင်းက အရေပြား ပွန်းပဲ့ခြင်းမှ ကာကွယ်ပေးပါတယ်။ အမွေးမရိတ်ခင် တစ်ရက်(သို့မဟုတ်) မိနှစ်ပိုင်းအလိုမှာ ဆဲလ်သေတွေကိုဖယ်ရှားပေးခြင်းက ဓားပွန်းရာဖြစ်ခြင်းနဲ့ မွေးညင်းပေါက်ပိတ်ပြီး ရောင်ရမ်းခြင်းကိုပါ လျှော့ချပေးနိုင်ခြင်းကြောင့် အသားအရေကို ပိုမိုချောမွေ့စိုပြည်စေပါတယ်။

Daisy





အသားရေအရောင်ပေါ်မူတည်ပြီး နူတ်ခမ်းနီအရောင် ရွေးချယ်ခြင်း

မိတ်ကပ်လိမ်းတဲ့အခါ ပိုပြီး လှပဖို့အတွက် နူတ်ခမ်းနီအရောင် မှန်ကန်စွာ ရွေးချယ်တတ်ဖို့ အလွန်အရေးကြီးပါတယ်။ မိမိရဲ့ အသားအရောင်နဲ့ မကိုက်ညီတဲ့ နူတ်ခမ်းနီကို ဆိုးမိရင် မျက်နှာကို ပိုပြီး ညှိုးမှိန်သွားစေနိုင်တဲ့အပြင် လိမ်းထားတဲ့ မိတ်ကပ်အလှကိုပါ ပျက်စီးသွားစေနိုင်ပါတယ်။

Warm Tone ပိုင်ရှင် (မြန်မာအသားအရေ)များအတွက် အနီရဲရဲ၊ ပန်းရင့်ရောင်၊ အုတ်ကျိုးရောင်လို အရောင်တွေက ပိုပြီး လိုက်ဖက်ပါတယ်။ Cool Undertone ပိုင်ရှင်တွေအတွက် အပြာရောင်ကို အခြေခံတဲ့ အနီရောင်၊ ပန်းခရမ်းရောင်၊ နှင်းဆီပန်းရောင်နဲ့ ဘယ်ရီသီး အရောင်တွေက မျက်နှာကို ချက်ချင်း လင်းသွားစေပါတယ်။

Daisy

0-0-0-0-0

အယ်လ်နီညိုနှင့်ပတ်သက်၍ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

ညောင်ဦး နိဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အတွင်းရှိ ပြည်သူများ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်နှိမြင့်မားလာနိုင်သည့်အတွက် ညောင်ဦးမြို့နယ်အတွင်း ပြည်သူများ အယ်လ်နီညိုနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ထားရှိနိုင်ရန် အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို နိုဝင်ဘာ ၃ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂)၊ အရှေ့ဈေးတန်းရပ် ယွန်းတန်းဓမ္မာရုံတွင် ဆောင်ရွက်ခဲ့သည်။



အယ်လ်နီညိုဖြစ်စဉ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲတွင် ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာချိုက ပစိဖိတ်သမုဒ္ဒရာ အီကွေတာအနီး အလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ရေမျက်နှာပြင်အပူချိန်သည် ပုံမှန်ထက် ပူနွေးလာပြီး ကမ္ဘာ့ရာသီဥတုစနစ်ကို သက်ရောက်စေသော သဘာဝရာသီဥတုဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ အယ်လ်နီညို ဖြစ်ပေါ်လာသည့်အခါ နိုင်ငံနှင့် ဒေသအလိုက် မိုးရွာသွန်းမှုပုံစံ၊ အပူချိန်၊ မိုးခေါင်ရေရှားမှု၊ ရေကြီးရေလျှံမှုနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပေါ် သိသာသော သက်ရောက်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ နုံးချိုပျော့ခွေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ ဂနာမငြိမ်ခြင်း၊ ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်းစသည့်လက္ခဏာများ ဖြစ်ပွားစေနိုင်ကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် အယ်လ်နီညိုနှင့်ပတ်သက်၍ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
(၄၈၁)

o–o–o–o–o–o–o

ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေး

ပျဉ်းမနား နိဝင်ဘာ ၄

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနေ့မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည်းလည်ငှားရမ်းပေးလျက်ရှိရာ နိဝင်ဘာ ၃ ရက် နံနက်ပိုင်းက ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၂၂)အခြေခံပညာအထက်တန်းကျောင်းနှင့် ဒကွိဏသီရိမြို့နယ်၊ မဲဒီးကျေးရွာများသို့ သွားရောက်ငှားရမ်းပေးခဲ့ကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများအဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀၀ ကျော်စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တ တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်သည်။

(ယာဝုံ)



အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

မင်းဘူး နိဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ အခွန်ထမ်းလုပ်ငန်းရှင်များအား တည်ဆဲအခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိဝင်ဘာ ၃ ရက် နံနက် ၉ နာရီက မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းဟိုက အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။



ဆက်လက်ပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းအောင်ကျော်က အခွန်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် အခွန်ထမ်းဆောင်ရန် ပျက်ကွက်သူများထံမှ ရသင့်ရထိုက်သော အခွန်များ ရရှိစေရေး၊ အခွန်ထမ်းမှတ်ပုံတင်ခြင်း လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှစ် Monitoring on Taxpayer Registry and Compliance Evaluation System (M-TRACES) လုပ်ငန်းဆောင်ရွက်နေမှု၊ မြို့နယ်အတွင်း ဘဏ္ဍာနှစ်လိုက် အခွန်ကောက်ခံရန် လျာထားမှုနှင့် အခွန်ကောက်ခံရရှိမှု အခြေအနေများ၊ အခွန်ထမ်းလုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များနှင့် အခွန်ထမ်းပျက်ကွက်သူများအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စီစစ်ဆောင်ရွက်ရေး လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု အခြေအနေများကို အသိပညာပေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲသို့ အခွန်ထမ်းလုပ်ငန်းရှင် ၁၃၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာဝုံ)
မောင်မောင်(မင်းဘူး)




ဆံရစ်ဝိုင်းတို့ ရွာ

* ရေဗုတ်ကြီးရွာ
တိုင်းမှာမကွေး
မြို့မဝေးပွင့်ဖြူ။
တစ်မူထူးကာ
စီကာပြောပြ
ဆံပင်အလှ။
* မွေးကင်းစရွယ်
ဦးစွန်းမှတ်ရယ်
နှစ်နှစ်ရွယ်ကြီး
ကြက်တောင်စီး ။
* ကျောင်းသားရွယ်ကျ
ဆံရစ်ဝိုင်းလှ
ပျိုနုမသော်
ဆံတောက်နော်ဟု
များနောခေါ်ကြ ။
* အိမ်ထောင်ဘဝ
ရှင်မလက်သုံး
ဆံထုံးထုံးတဲ့
ရွာရဲ့ချစ်ဖွယ်
အလှခြယ်ဆံပင်
မြင်ရလျှင်များ
သိထားဘယ်ရွယ်
မလွဲတယ် ။ ။

ခင်မောင်(ငါန်းဒွန်)

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။



မင်္ဂလာ နှစ်(၆၀)ပြည့် အထိမ်းအမှတ် မန္တလေးဆေးရုံကြီးနှလုံးအထူးကုဌာန၊ ဇီဝိတဒါနသံဃာဆေးရုံ၊ မန္တလေးတက္ကသိုလ်နှင့် အသင်းအဖွဲ့များသို့ ငွေများလှူဒါန်း



မန္တလေး၊ နိဝင်ဘာ ၄

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၃၀နှင့် ၆၆လမ်းနေ ဦးခင်မောင်ဖေ+ဒေါ်တင်တင်နွဲ့ (ရွှေလမင်းစက်မှုလက်မှု)တို့၏ မင်္ဂလာနှစ်(၆၀)ပြည့် အထိမ်းအမှတ် လူမှုအကျိုးပြု အသင်းအဖွဲ့များသို့ ငွေလှူဒါန်းပွဲကို နိဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးရှိ ဇီဝိတဒါနသံဃာဆေးရုံတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇီဝိတဒါနသံဃာဆေးရုံကြီးကြပ်မှုကော်မတီနာယက ဒေါက်တာ ဦးမိတ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး အလှူရှင် ဦးခင်မောင်ဖေက လှူဒါန်းရခြင်းအကြောင်း ပြောကြားသည်။

ထို့နောက် အလှူရှင် ဦးခင်မောင်ဖေ+ဒေါ်တင်တင်နွဲ့ မိသားစုက မန္တလေးဆေးရုံကြီး၊ နှလုံးရောဂါအထူးကုဌာနသို့ ငွေကျပ် သိန်း ၆၀၀ လှူဒါန်းရာ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာကျော်စိုးဝင်းကလည်းကောင်း၊ ဇီဝိတဒါန သံဃာဆေးရုံသို့ ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးလင်းကလည်းကောင်း၊ မန္တလေးတက္ကသိုလ် ကန်တော့ဆရာ၊ဆရာမကြီးများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ နာယကဆရာကြီး ဦးတင်မောင်ကလည်းကောင်း၊ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဥိမ်းဥိမ်းကလည်းကောင်း၊ သုခရိပ်မြို့(မန္တလေး) လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ ကြီးကြပ်ရေးအဖွဲ့ကလည်းကောင်း၊ မန္တလေးဆေးရုံကြီး တက်ရောက်ဆေးကုသမှုခံယူနေသူများအတွက် ဆန်ပြုတ်၊ ကြက်ဥ၊ ပေါင်မုန့်၊ ရောသန်မှုန်းအတွက် ငွေကျပ် သိန်း ၆၀ လှူဒါန်းရာ တာဝန်ရှိသူက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ) (၀၄၅)



အသံမခံမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

မန္တလေး နိဝင်ဘာ ၄

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက် ရတနာကောသဘုရားတွင် ရတနာဘုမ္မိအရှေ့ရပ်ကွက်လုံး ဆိုင်ရာ အသံမခံမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို နိဝင်ဘာ ၃ ရက်မှစ၍ ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တအရှဂမ္ဘီရ ပဋ္ဌာန်း၊ ဒေသနာတော်နှင့်သက်ဆိုင်သည့် တရားအားဟောကြား၍ တရားနာပရိသတ်များက ငါးပါးသီလ ဆောက်တည်ပြီး ဖွင့်ပွဲကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မဟာအောင်မြေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိုက်စိုးထွန်းနှင့် တာဝန်ရှိသူများက ဆရာတော်ဟောကြားသည့် တရားတော်နာယူ၍ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ၊ ရပ်ဖများက လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့သည်။ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို နိဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ရွတ်ဖတ်ပူဇော်၍ ပိတ်ပွဲတွင်လည်း ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ကြသော သံဃာတော်များကို ဆွမ်းဆန်စိမ်းများဖြင့် လောင်လှူပူဇော်သွားမည် ဖြစ်ကြောင်း သိရသည်။ **(၀၅၆)**

မီးမရှို့၊ မြေမမြုပ်၊ စက္ခုတွေကို ဒါနလုပ်။

သတ္တမအကြိမ်မြောက် ကျန်းမာရေး အာဟာရတိုက်ကျွေး

မိုင်းရူး နိဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရူးမြို့နယ်၊ အမှတ်(၁)၊ အခြေခံပညာ မူလတန်းကျောင်းတွင် ပညာရေးဌာနနှင့် ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီက သတ္တမအကြိမ်မြောက် ကျန်းမာရေး အာဟာရတိုက်ကျွေးခြင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ အာဟာရတိုက်ခြင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်ဌေ၊ ကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ဘီနူးနှင့် ဝန်ထမ်းများက KG ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရဖြစ်စေသော အသားဓာတ်၊ ကစီဓာတ်၊ အဆီဓာတ်၊ ဗီတာမင်သတ္တုဓာတ်များ ပါဝင်သည့် ထမင်း၊ ကြက်သား၊ ကြက်ဥ၊ ပဲပြုတ်၊ ငှက်ပျောသီးနှင့် အာဟာရမုန့်များ ကျွေးမွေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



စာကြည့်တိုက်လှုပ်ရှားမှု အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မိုင်းကိုင် နိဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ စာကြည့်တိုက်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားမှုများကို နိဝင်ဘာလမှစ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိဝင်ဘာ ၃ ရက် နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး(ပြည်သူ့စာကြည့်တိုက်)အဆောက်အဦရှေ့ လမ်းမကြီးတစ်လျှောက်တွင် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း လှုပ်ရှားမှုများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ လှုပ်ရှားမှုတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစီးဌာနမှ တာဝန်ခံထုတ်ဝေသည့် စာဖတ်ခြင်းမှ အသိပညာ၊ အသိပညာမှ အနာဂတ်ခေါင်းစဉ်ဖြင့် စာကြည့်တိုက်လှုပ်ရှားမှု နှိုး ဆော်သည့် လက်ကမ်းစာစောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ခံထုတ်ဝေသည့် စူပါအယ်လ်နီညို အသိပညာပေး လက်ကမ်းစာစောင်၊ မြို့နယ်မီး သတ်ဦးစီးဌာနမှ တာဝန်ခံထုတ်ဝေသည့် မီးနိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို လမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာသည့် မိဘပြည်သူများ၊ လူငယ်လူရွယ်များကို စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်သည်။

အဆိုပါ လှုပ်ရှားမှုတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်တင်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလွိုင်လွိုင်ဦးနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်လင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ လူငယ်လူရွယ်များက အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အရာထမ်ဆွမ်းလောင်းလှူ

မန္တလေး နိဝင်ဘာ ၄



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက သံဃာတော်များထံသို့ အရာထမ်ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၄ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင် ကျင်းပခဲ့သည်။

အဆိုပါ အရာထမ်ဆွမ်းလောင်းလှူခြင်းကို ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ စုစုပေါင်း ၄၅ ဦး ပါဝင်ဆောင်ရွက်ခဲ့ကာ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတိုက်၊ စာသင်တိုက်များမှ သံဃာတော်များနှင့် သာမဏေများ အပါး ၃၀၀ ခန့် ဆွမ်း၊ ဟင်းလျာများနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို စုပေါင်းလောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၆၉)

သမိုင်းဝင်ဖောင်တော်ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



မိတ္ထီလာ နိဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်၍ ၂၀၂၆ ခုနှစ် နိဝင်ဘာ ၇ ရက်တွင် ကျရောက်မည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၃၈)နှစ်မြောက် နှစ်ပတ်လည်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိဝင်ဘာ ၃ ရက် နံနက်ပိုင်းက မြို့မရပ်ကွက်ရှိ သမိုင်းဝင်ဖောင်တော်ဦးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦး ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက သမိုင်းဝင် ဖောင်တော်ဦးစေတီတော်တွင် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် စေတီတော်နှင့် စေတီတော်ရင်ပြင်အနီး ရေဖြင့် ဆေးကြော်သန့်စင်ခြင်း၊ တံမြက်စည်းလှည်းခြင်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝံပုံ) (၄၆၉)

နန့်ပုတ်ကျေးရွာ လုံကျာကောင့်လယ်ယာကုန်ထုတ်လမ်း ဆောင်ရွက်နေမှုအခြေအနေအား ကွင်းဆင်းစစ်ဆေး

မိုးညှင်း နိုဝင်ဘာ ၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ဒွေလုံးဒွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော နန့်ပုတ်ကျေးရွာ လုံကျာကောင့် လယ်ယာကုန်ထုတ်လမ်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။



မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် တာဝန်ရှိသူများသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့ ဒွေလုံးဒွေရင်း ရန်ပုံငွေဖြင့် တင်ဒါဆောင်မြင်သည့် သီရိစံအိမ် ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော နန့်ပုတ်ကျေးရွာ လုံကျာကောင့် လယ်ယာကုန်ထုတ်လမ်းအား မြေသားတာပေါင်တင်ခြင်း အရှည်လေးဖာလုံ၊ အကျယ် ၁၈ ပေနှင့် အမြင့် နှစ်ပေ ဆောင်ရွက်နေခြင်းနှင့် သဲကျောက်လမ်းခင်းခြင်း အရှည် လေးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မနှင့် ကွန်ကရစ်တံတား အရှည် ပေ ၂၀၊ အကျယ် ၁၄ ပေနှင့် အမြင့် ခုနစ်ပေရှိ တံတားတစ်စင်းတို့ တည်ဆောက်နေခြင်း လုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက အဆိုပါ လုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီဆောင်ရွက်ပြီးစီးနိုင်ရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)
ရွှေမိုးညွှန်း

အပူဒဏ်ကာကွယ်ရေးနှင့် အသိပညာပေး ဟောပြော

အမရပူရ နိုဝင်ဘာ ၄

မန္တလေး၊ အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုသဘာဝဘေးနှင့် ပတ်သက်၍ ပြည်သူများ ကြိုတင်ပြင်ဆင်နိုင်ရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်ရည်ရွယ်၍ နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက တောင်ကိုင်းကျေးရွာအုပ်စု၊ မြစ်အင်းကျေးရွာရှိ ဓမ္မာရုံ၌ အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပအေး ဦးဆောင်၍ ဝန်ထမ်းများက အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူလွန်ကဲခြင်း၊ ရေရှားပါးခြင်းနှင့် အခြားဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သဖြင့် ရေပြတ်လပ်မှု မဖြစ်ပေါ်စေရေး၊ သောက်သုံးရေများ ကြိုတင်စုဆောင်းထားရှိရေး၊ ရေကို စနစ်တကျသုံးစွဲရေးနှင့် အယ်လ်နီညိုရာသီဥတုနှင့် အပူဒဏ်ကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များကို အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)
လဲ့လဲ့နိုင်(အမရပူရ)

အယ်လ်နီညိုရာသီဥတုဆိုင်ရာ အသိပညာပေး၊ လက်ရှိရေသုံးစွဲမှုများ မြေပြင်ကွင်းဆင်းစစ်ဆေး

တံတားဦး နိုဝင်ဘာ ၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေးအတွက် တံတားဦးမြို့နယ်တောင်ဘီလူးကျေးရွာသို့ ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများသည် တံတားဦးမြို့နယ်အတွင်း တောင်ဘီလူးကျေးရွာ၏ လက်ရှိရေသုံးစွဲမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာရှိ ရေကော်မတီ ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံကာ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးခေါင်ခြင်း၊ ရေရှားပါးခြင်းများ ဖြစ်ပေါ်လာနိုင်သည့် အတွက် သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်၊ ရေကို လေလွှင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်အချက်များ၊ ရှောင်ကြဉ်ရန် အချက်များကို ပြောကြားပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



တံတားဦးခရိုင်အတွင်းရှိ ကျေးရွာများတွင် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်နိုင်ခြေရှိသည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ကျေးလက်နေပြည်သူများအား သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိစေရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါ်ခင်မာစန်းထံမှ သိရသည်။

(အောက်ပုံ)
အောင်ရဲကျော်

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

သာစည် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှု မီးလန့်မှုမဖြစ်ပွားစေရန် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂ ရက်က သပြေကျေးရွာရှိ ဆိုလာစက်ရုံတွင် မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်သုတ်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးပြီး မြို့နယ်မီးသတ်ဦးစီးမှူးက စက်ရုံတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား မီးဘေးလုံခြုံရေးနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးဘေးလုံခြုံရေးကို ပိုမိုအလေးထားဆောင်ရွက်ကြရန်နှင့် အကြံပြုဆွေးနွေးခြင်း၊ 191 Application ထည့်သွင်းအသုံးပြုနည်းများ၊ မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးအသုံးပြုနည်းများကို အသိပညာပေးဟောပြောဆွေးနွေးပြီး ဝန်ထမ်းများအား မီးသတ်ဆေးဘူးများကို စနစ်တကျအသုံးပြု၍ မီးငြိမ်းသတ်နည်းများ ပြသကာ လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)



နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ(အခမဲ့) ငှားရမ်း

စဉ့်ကိုင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းရန် မအားလပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအဖြင့် စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ ကွင်း ဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က မြို့နယ်ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းရန် မအားလပ်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအဖြင့် စာအုပ်၊ စာစောင်များ ဖတ်ရှုလေ့လာခြင်းဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိပြီး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာဖတ်ခြင်း အကျိုးကျေးဇူးများ သိရှိနားလည်လာစေရန်နှင့် စာပေချစ်မြတ်နိုးသူများ ပေါများလာစေရန်စသည့် ရည်ရွယ်ချက်များဖြင့် သုတ၊ ရသစုံလင်သည့် စာအုပ်၊ စာစောင်များကို (အခမဲ့)ငှားရမ်းပေးခြင်းဖြစ်သည်။

ထို့နောက် ဘယ်လင်းအကျွင်းဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား တစ်ဦးလျှင် စာအုပ် နှစ်အုပ်ဖြင့် ခုနစ်ရက်ကြာ ဖတ်ရှုနိုင်ကြောင်းနှင့် အသင်းဝင်အသစ်များကို အသင်းဝင် စာအုပ်ငှားရမ်းကတ်များ ပြုလုပ်ပေးခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများအနေဖြင့် ပြည်သူများစာပေကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ရွှေလျားစာကြည့်တိုက်စနစ်ဖြင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများအရောက် အပတ်စဉ် လိုက်လံငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)
ကျော်စွာ(စဉ့်ကိုင်)



o–o–o–o–o–o–o



ငဖဲမြို့နယ်၌ ဆောင်းသီးနှံ မတ်ပဲ ၆၈၂ ဧက စိုက်ပျိုးပြီးစီး

ငဖဲ နိဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင် ငဖဲမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အခြားဆောင်းသီးနှံများနှင့် အတူ မတ်ပဲများကို စိုက်ပျိုးထားရှိရာ ယနေ့ထိ မတ်ပဲ ၆၈၂ ဧက စိုက်ပျိုးပြီးစီးနေဆဲဖြစ်သည်။

ငဖဲမြို့နယ်တွင် ဆောင်းသီးနှံ မတ်ပဲကို ၁၂၇၆ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း(၄) ၂၉၄ ဧက၊ Tbl-9 ၃၁၉ ဧက နှင့် ပုလဲထွန်း ၆၉ ဧက စုစုပေါင်း ၆၈၂ ဧကကို စိုက်ပျိုးပြီးစီးကာ လျာထားချက်ပြည့်မီရေး ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်းနှင့် ဆောင်းသီးနှံ မတ်ပဲကို ယခင်နှစ်က ၂၈၃၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီးတစ်ဧကလျှင် ၉ ဒသမ ၇၈ တင်းနှုန်းခန့် ထွက်ရှိသည်။

ငဖဲမြို့နယ်အတွင်း စိုက်ပျိုးထားရှိသော ပဲစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် သဘာဝဓမ္မေဗေဒနှင့် ဓာတ်မြေဩဇာများ စနစ်တကျ ထည့်သွင်းရေး၊ ပိုးမွှားရောဂါပေါင်း မြက်နှိမ်နှင့်ရေးရေးနည်းလမ်းများ ပေါင်းသတ်ဆေး၊ မှိသတ်ဆေး အသုံးပြုခြင်းနှင့် စနစ်တကျရိတ်သိမ်းနည်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် သက်ဆိုင်ရာ ကွင်းဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကူညီဆောင်ရွက်လျက်ရှိသည်။

မတ်ပဲသည်သီးနှံပင်များတွင် စိုက်ပျိုးရန်လွယ်ကူသော၊ အကြမ်းခံသောသီးနှံဖြစ်ကြောင်း၊ မတ်ပဲစိုက်တောင်သူများအနေဖြင့် အရည်အသွေးမြင့်သော မတ်ပဲများကို ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်ပါက မတ်ပဲစိုက်တောင်သူများသာမက နိုင်ငံတော်အတွက်ပါ အကျိုးများနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)
မယု(ငဖဲ)

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲ ကျင်းပ

လဲချား နိဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းအမှတ်စဉ်(၁/၂၀၂၆)ဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်လဝက ဦးစီးမှူးတို့က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တူညီဝတ်စုံပေးအပ်ခဲ့သည်။ အဆိုပါ သင်တန်းကို နိဝင်ဘာ ၂ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)
ဝ-ဝ-ဝ-ဝ-ဝ-ဝ



အယ်လ်နီညိုအကြောင်း အသိပညာပေးဟောပြောပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများဆောင်ရွက်

ရွှေကူ နိဝင်ဘာ ၄

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့နယ်၊ မြို့နယ်သဘာဝသားအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ နိဝင်ဘာ ၃ ရက် နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပညာဂုဏ်ရည်ခန်းမ၌ အယ်လ်နီညို အကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်သဘာဝသားအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမိုးစံက အယ်လ်နီညိုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဖြစ်စဉ်များကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်နှင့် ထိခိုက်မှုအနည်းဆုံးဖြင့်အကောင်းဆုံး ရင်ဆိုင်ကျော်ဖြတ်နိုင်စေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြောကြားခဲ့ပြီး ယာယီမြို့နယ် ရဲမှူးကျော်မင်းက အယ်လ်နီညိုကြောင့် သဘာဝဖြစ်စဉ်ကာလအတွင်း ရေပြတ်လပ်မှုမရှိစေရေးနှင့် အပူဒဏ်ကာကွယ်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ပပသိန်းက အယ်လ်နီညိုဖြစ်ပေါ်လာပုံ၊ အယ်လ်နီညိုကြောင့် ကမ္ဘာရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေ၊ လူသားများ၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အယ်လ်နီညိုဖြစ်ပွားစဉ်ကာလနှင့် ဖြစ်ပွားပြီးကာလတို့၌ စနစ်တကျ ကြိုတင်ပြင်ဆင်ခြင်းနှင့် အချိန်မီတုံ့ပြန်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်း ကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ကျန်းမာရေးဆိုင်ရာဖြစ်ပေါ်လာနိုင်သည့် ပြဿနာများနှင့် အလေးထားလိုက်နာနေထိုင်ရမည့် အသိပညာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြပြီး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အယ်လ်နီညိုကာကွယ်ရေး အသိပညာပေး ရွေးစရာ လက်ကမ်းစာစောင်များအား ဖြန့်ဝေခဲ့ကြသည်။

(အပေါ်ပုံ)

ထို့နောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသူများနှင့် အဆိုပါကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြဿထားသည့် နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)
ဝ-ဝ-ဝ-ဝ-ဝ-ဝ





ဝါသီးနှံစိုက်ပျိုးထားရှိမှု အခြေအနေအား ကွင်းဆင်းကြည့်ရှု

ဆင်ပေါင်ဝဲ နိဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃)ရပ်ကွက်နှင့် ရွာသစ်ကျေးရွာတွင် ဝါသီးနှံစိုက်ပျိုးထားရှိမှုအခြေအနေကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါ ကျေးရွာများသို့ သွားရောက်၍ ကွင်းဆင်းကြည့်ရှုခဲ့သည်။

(အပေါ်ပုံ)

ထို့နောက် ကွင်းဆင်းကြည့်ရှုရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် အတူ အမှတ်(၃)ရပ်ကွက်နှင့် ရွာသစ်ကျေးရွာတွင် ဝါသီးနှံစိုက်ပျိုးထားရှိမှု ကြည့်ရှုခဲ့ပြီး သီးနှံများ အထွက်နှုန်းကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများက မှာကြားခဲ့ကြောင်း သိရသည်။

ဓနုံဝင်း(ဆင်ပေါင်ဝဲ)

သက်ကြီးဝိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ပေး

ကွန်ဟိန်း နိဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်တွင် အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဝိုးဘွားများအား လူမှုရေး ပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀နာရီက မြန်မာ့စီးပွားရေးဘဏ်တွင် ထုတ်ပေးလျက်ရှိသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာ၌ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ရပ်ကွက်(၁၁)နှင့် ကျေးရွာအုပ်စု(၁၄)အုပ်စုတို့မှ အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးဝိုးဘွား ၉၈ ဦးအတွက် တစ်ဦးကို တစ်လ လျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၂၀၂၆ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လစာ လူမှုရေးပင်စင်များကို လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ကွန်ဟိန်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်တွင် ယနေ့ နံနက်ပိုင်းမှစတင်၍ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)
မြို့နယ်(ပြန်/ဆက်)



မင်းရဲလှကျေးရွာ VDP စီမံကိန်း ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ပုသိမ်ကြီး နိဝင်ဘာ ၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး VDP စီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းပတ်သက်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် အညီဆောင်ရွက်စေလိုကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ပိုင်းဝန်းကြီးပမ်းဆောင်ရွက်ကြစေလိုကြောင်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း VDP စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည့် မင်းရဲလှကျေးရွာ VDPစီမံကိန်း ရန်ပုံငွေကျပ် ၁၅သန်း၊ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုထံမှ သိရသည်။

အောင်ရဲကျော်

ပြင်ဆင်ဖတ်ရှုပါရန်

(၂၃-၁၀-၂၀၂၆)၊ မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ-၂၁၊ အကွက် H-၂၃၃+H-၂၃၄+H-၂၅၅၊ ဦးပိုင် H-၂၃၃ ဃ ကြော်ငြာစာတွင် အကွက် H-၂၃၃+H-၂၃၄+H-၂၅၅၊ ဦးပိုင် H-၂၃၄-ဃ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာဆောင်မြေမြို့နယ်၊ ခဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၂၇)၊ ဦးပိုင်အမှတ်(၃၂)၊ ၄၂လမ်းနှင့် ၄၃လမ်းကြား၊ ၅၈လမ်းနှင့် ၅၉လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဇိုလ်ကြီးကျော်ဝင်းထံမှ အပေးစာချုပ်အမှတ်(၇၆၇/၁၉၉၄)ဖြင့် လက်ခံခဲ့သူ ဦးမောင်ကိုဆိ(SP ရရှိသူ ဦးအောင်ကျော်မိုး)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၁၂၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ခေါ်ငြိမ်းသူ(၉/မရတ(နိုင်)၁၀၂၄၀၂)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၃၂၂၂/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြုပြင်မံကိန်းနှင့်မြေမိမံခန့်ခွဲပြုပုံ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ဂရန်မြေကြော်ငြာစာ

ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

စဉ်	လျှောက်ထားသူ အမည်/ မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့်မြေ မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	လျှောက်ထားသည့် အကြောင်းအရာ	အမှုတွဲအမှတ်
၁။	ဦးအသုဘကာကသီဒစ်(၉/မရမ(နိုင်)၀၃၇၀၉၂)၊ ဒေါ်ငါဇိလတိတိ(၁)မာလာဝင်း(၉/မရမ(နိုင်)၀၃၇၀၉၃)	၁၂လမ်းနှင့် ၁၃လမ်းကြား၊ ၈၈လမ်းနှင့် ၉၀လမ်းကြား၊ (မင်းဘဲအိုကင်း)	ဦးအသုဘကာကသီဒစ် (မြ-၂)	အောင်မြေဘစ်	၇၉	၂-c	သက်တမ်းတိုး	ခ/၂၂၉/ခ/၅၆-၂၀၂၆
၂။	ဒေါ်ဆုဆုဝင်း(၉/မရမ(နိုင်)၈၃၄၂၉)၊ ဒေါ်နုနုမြင့်(၉/မရမ(နိုင်)၀၃၇၀၉၇)၊ ဒေါ်ဖြူဖြူဝင်း(၉/မရမ(နိုင်)၀၀၁၂၂)၊ ဒေါ်ဦးဦးစိုး(၉/မရမ(နိုင်)၀၀၃၀၉)၊ ဒေါ်ဝေးဝေးမွန်(၉/မရမ(နိုင်)၀၁၂၂၉)	၂၂လမ်းနှင့် ၈၈လမ်းကြား ဧရာမမြင်းကုန်းကြီးအနောက်ဘက်ခြေရင်း အိမ်ထောင်ကျောက်	ဒေါ်အောင်(မြ-၂)	အောင်မြေဘစ်	၂၀၀	၆၅-၆၆	သက်တမ်းတိုး/အမည်ပြောင်း	ခ/၄၈၆/ခ/၅၆-၂၀၂၆
၃။	ဒေါ်သင်းအိမိုး(၉/မရမ(နိုင်)၀၁၀၆၇၀)	၆လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြား၊ (မဟာမြိုင်-၂)	ဒေါ်သင်းအိမိုး	မဟာအောင်မြေ	၃-၀	၄၉၊၆၀အတွင်းမှ ၆၀(ဒေါင်း)	ဦးပိုင်ခွဲ	ခ/၂၂၀/ခ/၅၆-၂၀၂၆
၄။	ဦးမြိုင်လင်း(၉/မကန(နိုင်)၀၇၂၉၃)	၆လမ်းနှင့် ၆၈လမ်းကြား၊ ၎လမ်းနှင့် ၇၂လမ်းကြား၊ (မဟာမြိုင်-၁)	ဦးမြိုင်လင်း(၁)ရပ်ကြည်	မဟာအောင်မြေ	၃-၆	၂၇(ဒေါင်း)	ဦးပိုင်ခွဲ	ခ/၂၃၀/ခ/၅၆-၂၀၂၆
၅။	ဒေါ်သင်းဆွေး(၇/စကန(နိုင်)၀၂၂၄၂)	၎၁လမ်းနှင့် ၎၂လမ်းကြား၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ (မဟာမြိုင်-၁)	ဒေါ်သင်းဆွေး	မဟာအောင်မြေ	၀-၆	၇၅	သက်တမ်းတိုး	ခ/၂၃၁/ခ/၅၆-၂၀၂၆
၆။	ဒေါ်ပြိုင်သူ(၉/မရတ(နိုင်)၀၁၂၄၂)	၎၂လမ်းနှင့် ၎၃လမ်းကြား၊ ၅၀လမ်းနှင့် ၅၉လမ်းကြား၊ (ရွှေနီတောင်)	ဝိုလ်ကြီးကျော်ဝင်း	မဟာအောင်မြေ	၀-၂၇	၃၂	စာရင်းပြုပြင်ရန်/သက်တမ်းတိုး/ အမည်ပြောင်း	ခ/၂၂၂/ခ/၅၆-၂၀၂၆
၇။	ဒေါ်ခိုင်ယဉ်မွန်(၁၀/တကန(နိုင်)၀၀၄၁၁၀)	၆၃လမ်းနှင့် ၆၆လမ်းကြား၊ ၁၀၁လမ်းနှင့် ၁၀ ၂လမ်းကြား၊ (ပြည်သစ်-၁)	ဒေါ်ခိုင်ယဉ်မွန်	ချမ်းမြသာစည်	၀-၂၀	၁-၆	သက်တမ်းတိုး	ခ/၂၂၅/ခ/၅၆-၂၀၂၆
၈။	ဒေါ်ဟွမ်တော်တိ(၉/မရမ(နိုင်)၀၇၈၆၇)	၆၆လမ်း၊ ၁၀၃လမ်းနှင့် ၁၀ ၂လမ်းကြား၊ (ပြည်သစ်-၁)	ဒေါ်ဟွမ်တော်တိ	ချမ်းမြသာစည်	၀-၂၀	၂-၄	သက်တမ်းတိုး	ခ/၂၂၆/ခ/၅၆-၂၀၂၆
၉။	ဦးဘိုက်ခွန်(၁၃/ကမန(နိုင်)၀၁၇၉၁၁)	၆၆လမ်း၊ ၁၀၈နှင့် ၁၀၆လမ်းကြား၊ (ပြည်သစ်-၁)	ဦးဘိုက်ခွန်	ချမ်းမြသာစည်	F	၂၂	သက်တမ်းတိုး	ခ/၂၃၂/ခ/၅၆-၂၀၂၆
၁၀။	ဒေါ်ငါဇိလှိုင်(၉/မကန(နိုင်)၀၀၁၀၆၃)	စစ်ကူးကမ်းကြီးနှင့် သံဃာတော်များကောက်ယူထားသော (သံဃာတော်တောင်)	အရာဝင်လဲ ကော်လိုင်	ချမ်းမြသာစည်	၈၇၊၉၃-၁	၁၃	သက်တမ်းတိုး/အမည်ပြောင်း	ခ/၂၃၃/ခ/၅၆-၂၀၂၆
၁၁။	ဦးကျင်မြဲ(၉/မရမ(နိုင်)၀၂၄၄၉၇)	၆၁လမ်းနှင့် ၆ ၂လမ်းကြား၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ (ပြည်သစ်-၃)	ဦးကျင်ဒိုင်	ချမ်းမြသာစည်	၆၂-၁	၁၄-၁	သက်တမ်းတိုး/ခွဲကွန်	ခ/၂၃၄/ခ/၅၆-၂၀၂၆
၁၂။	ဒေါ်နွေးနွေး(၁)နယ်မိန်(၁၃/လရန(မြို)၀၀၀၂၂၂)	၅၆လမ်း၊ ၁၁၁လမ်းနှင့် ၁၁ ၂လမ်းကြား၊ (ကံသာယာ)	ဦးကျင်ဒိုင်	ချမ်းမြသာစည်	၀-၇	၂၆၃	အမည်ပြောင်း	ခ/၂၃၅/ခ/၅၆-၂၀၂၆
၁၃။	ဒေါ်ကျကြားသိန်း(၇/ဂဘန(နိုင်)၀၃၈၇၇၇)	၎၇လမ်းနှင့် ၎၈လမ်းကြား၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ (ထွန်တံုး)	ဦးတင်ငြိမ်းသိန်း	ချမ်းမြသာစည်	၈၀-၇	၃၅	အမည်ပြောင်း	ခ/၂၃၆/ခ/၅၆-၂၀၂၆
၁၄။	ဒေါ်သီဝိဝင်း(၉/ပတမ(နိုင်)၀၃၇၉၀၀)	၆၆လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ (ပြည်သစ်-၃)	ဦးထွန်းသွန်းအောင်	ချမ်းမြသာစည်	၉-၇	၉-က	အမည်ပြောင်း	ခ/၂၃၇/ခ/၅၆-၂၀၂၆
၁၅။	ဒေါ်ဇော်ဝေး(၉/ပတမ(နိုင်)၀၃၇၉၀၀)CHRISTINE	၆၆လမ်း၊ ၁၀၇လမ်းနှင့် ၁၀၈လမ်းကြား၊ (ပြည်သစ်-၂)	ဦးဝင်းအောင်(မြ-၂)	ချမ်းမြသာစည်	၁၁-၃	၂၄	အမည်ပြောင်း	ခ/၂၃၈/ခ/၅၆-၂၀၂၆
၁၆။	ဦးစောဦးဦး(၉/မရတ(နိုင်)၀၀၃၉၉)၊ ဦးစောဝင်းဦး(၉/မရတ(နိုင်)၀၀၃၉၈)၊ ဒေါ်ဇော်ဦးဦး(၉/မရတ(နိုင်)၀၀၂၂၅)	၎၆လမ်းနှင့် ၎၁လမ်းနှင့် ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ (ထွန်တံုး)	ဦးတင်ဝင်း	ချမ်းမြသာစည်	၈၀-၆	၇၀	စာရင်းပြုပြင်ရန်/သက်တမ်းတိုး/ အမည်ပြောင်း	ခ/၂၂၃/ခ/၅၆-၂၀၂၆
၁၇။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၀/ခ/၅၆-၂၀၂၆
၁၈။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၁/ခ/၅၆-၂၀၂၆
၁၉။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၂/ခ/၅၆-၂၀၂၆
၂၀။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၃/ခ/၅၆-၂၀၂၆
၂၁။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၄/ခ/၅၆-၂၀၂၆
၂၂။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၅/ခ/၅၆-၂၀၂၆
၂၃။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၆/ခ/၅၆-၂၀၂၆
၂၄။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၇/ခ/၅၆-၂၀၂၆
၂၅။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၈/ခ/၅၆-၂၀၂၆
၂၆။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၄၉/ခ/၅၆-၂၀၂၆
၂၇။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၅၀/ခ/၅၆-၂၀၂၆
၂၈။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၅၁/ခ/၅၆-၂၀၂၆
၂၉။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၅၂/ခ/၅၆-၂၀၂၆
၃၀။	ဒေါ်ဝေရင်(၁)သန်းသန်းအေး(၁/မကန(နိုင်)၀၀၃၂၆) Mandalay Garden City Construction Co.,Ltd.	ပန်းခုံတော်ချောင်းပတ်လမ်းနှင့် ၎၆-မန်းလမ်းဟောင်းကြား၊ ဂုဝလမ်းအရှေ့ဘက်၊ (တောမြို့)	ဒေါ်ဝေရင်(၁)သန်းသန်းအေး Mandalay Garden City Construction Co.,Ltd.	ပြည်ကြီးတံတားမြို့	၄၉၀/၁	(၁၀)ခဲဝင်း	ဦးပိုင်ခွဲ	ခ/၂၅၃/ခ/၅၆-၂၀၂၆
၃၁။	ဒေါ်နုနုလွင်(၁၃/သနန(နိုင်)၀၃၁၃၇၅)	၎၃လမ်းနှင့် ၎၄လမ်းကြား၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား၊ (ခ)	ဒေါ်နုနုလွင်	ပြည်ကြီးတံတားမြို့	၁၁-၁၈	၁၉	သက်တမ်းတိုး	ခ/၂၅၄/ခ/၅၆-၂၀၂၆
၃၂။	ဦးအောင်ထက်ထက်(၀/မမန(နိုင်)၁၆၇၉၃)	၎၈လမ်းနှင့် ၎၉လမ်းကြား၊ ၁၁၆လမ်းနှင့် ၁၁၇လမ်းကြား၊ (ရွှေ)	ဦးအောင်ကျိုင်း	ပြည်ကြီးတံတားမြို့	H-၂၃၃+H-၂၃၄ +H-၂၅၅	H-၂၃၃-ဃ	အမည်ပြောင်း	ခ/၂၅၅/ခ/၅၆-၂၀၂၆
၃၃။	ဒေါ်ဖြိမ်း(၁)ရုစုဝင်း(၉/မရမ(နိုင်)၀၇၀၃၃၀)	၎၇လမ်းနှင့် ၎၆လမ်းကြား၊ ၁ ၂၂လမ်းနှင့် ၁ ၂၅လမ်းကြား၊ (ရွှေ)	ဦးကြည်အောင်	ပြည်ကြီးတံတားမြို့	၈၈၁-၁၄	၁၀	အမည်ပြောင်း	ခ/၂၅၆/ခ/၅၆-၂၀၂၆

ဌာနမှူး၊ ပြုပြင်မံကိန်းနှင့်မြေမိမံခန့်ခွဲပြုပုံ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

အမှားသိခေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(၈၈-၇)၊ ဦးပိုင်နံပါတ်(၂၁၉)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးက်ကောင်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး ယွဲ့ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးသန်းဇော်ဦး(ဘ)ဦးက်လှ(၉/ခမစ(နိုင်)၀၀၈၈၅၀) [၄င်း၏ကိုယ်စား ညီဖြစ်သူ ဦးစန်းနိုင်ဦး(ဘ)ဦးက်လှ(၉/ခမစ(နိုင်)၀၃၀၉၃၆]ထံမှ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀)နှင့် အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀) (၂)ကွက်ခွဲ၍ ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင် ယွဲ့ပြောင်း၀ယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအ၀ယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအ၀ယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၀ယ်ယူသူများ၏ လွှဲအပ်ချက်အရ–

ဦးတင်အောင်မိုး၊ LL.B, LL.M	**ဒေါ်ဆိပ်မြန် LL.B, LL.M**	
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	
ဒေါ်ယုသဓင်အောင် LL.M	**ဒေါ်အေးနန္ဒာထွန်း LL.B**	**ဒေါ်မာလာစိုး LL.B**
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေ
ဒေါ်ဖူးသန့်ဖွန် LL.B		
အထက်တန်းရှေ့နေ		

အမှတ်(D-၁၄၇)။ ၆ဂုလမ်း ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား။ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➤ ၀၉-၂၀၃၂၆၆၇၊ ၀၉-၉၇၇၆၄၉၉၈၉၇၊ ၀၉-၄၁၂၆၉၅၂၂၊ ၀၉-၄၄၄၀၀၆၆၄၆

(၅-၁၀-၂၀၂၆)ရက်ထုတ် မန္တလေးနေ့ခဉ်သတင်းစာ စာမျက်နှာ-၂၁ ပါ မြေရှင် ဒေါ်ခင်မြင့်နှင့် သားသမီးများ၏ ကြေညာချက်အပေါ် အများသိစေရန် ထပ်လောင်းသတိပေးကြေညာခြင်း

မြေရှင် ဒေါ်ခင်မြင့်(ဘ)ဦးဟာမြင့်(၉/မရမ(နိုင်)၀၅၀၇၀၀)နှင့် ကန်ထရိုက်တာ ဦးညီညီဦး(ဘ)ဦးကိုကိုကြီး(၉/ခအစ(နိုင်)၀၃၆၁၃၂) တို့သည် မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်ဖျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၅၀)၊ ဦးပိုင်အမှတ်(၁၂/ခ)၊ ဧရိယာ(၁၇ပေ×၀၆၀) အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် (၁)ခန်းတွဲ၊ အာရှစီ(၅)ထပ်ခွဲ အဆောက်အဦး ဆောက်လုပ်ရန်နှင့် အကျိုးခံစားခွင့်ခွဲဝေယူကြရန် (၂၃-၆-၂၀၂၄)ရက်တွင် ကန်ထရိုက်တာနှင့် လုပ်ငန်းအပ်နှံသူတို့ နှစ်ဖက်သဘောတူကတိစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။

စာချုပ်ပါ စည်းကမ်းချက်များအတိုင်း ကန်ထရိုက်တာဘက်က မြေရှင် ဒေါ်ခင်မြင့်နှင့် သားသမီးများထံ အကြိမ်ကြိမ်အလီလီငွေများ ပေးသွင်းပါလျက် ဒေါ်ခင်မြင့်၏ သားသမီးများသည် အဆောက်အဦး၏ ဘေးကပ်လျက်တွင်နေထိုင်ကာ အဆောက်အဦးဆောက်လုပ်ခြင်းအား နှောင့်ယှက်မှုများပြုလုပ်သဖြင့် ထိုကဲ့သို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း (၂၉-၉-၂၀၂၆)ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ပါသည်။

စာချုပ်ပါစည်းကမ်းချက်များအတိုင်း ကန်ထရိုက်ဘက်က မြေရှင် ဒေါ်ခင်မြင့်နှင့် သားသမီးများထံ အကြိမ်ကြိမ်အလီလီ ငွေများ ပေးသွင်းခဲ့ပြီး ၄င်းတို့ကိုယ်တိုင် လက်မှတ်ထိုးလက်ခွေနိုင်ကာ ငွေများယူခဲ့ပြီးဖြစ်ပါလျက် စာချုပ်ပါစည်းကမ်းများကို ကန်ထရိုက်တာဘက်က ဖောက်ဖျက်သည့်သဖွယ် ဒေါ်ခင်မြင့်နှင့် သားသမီးများက ကြေညာထားသဖြင့် အဆိုပါ (၅-၁၀-၂၀၂၆)ရက်စွဲပါ ကြေညာချက်အား ပြန်လည်ရုပ်သိမ်းရန် သတိပေးလိုက်သည်။

ထို့ပြင် အကျိုးတူဆောက်လုပ်နေသည့် အဆောက်အဦးနှင့်ပတ်သက်၍ မြေရှင် ဒေါ်ခင်မြင့်၊ ၄င်း၏သားသမီးများနှင့် ကန်ထရိုက်တာ ဦးညီညီဦးတို့အကြား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ခြင်း မပြီးသေးခင် အချိန်ထိ အဆောက်အဦးနှင့် အဆောက်အဦးတည်ရှိရာ မြေနေရာအား ကန်ထရိုက်တာ ဦးညီညီဦး၏ သဘောတူညီခွင့်ပြုချက်မရရှိပါဘဲ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယွဲ့ပြောင်းခြင်း၊ ရောင်းချခြင်း၊ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပါကြောင်း မြေရှင် ဒေါ်ခင်မြင့်၊ ၄င်း၏ သားသမီးများနှင့် အများသိစေရန် ထပ်လောင်းသတိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးညီညီဦး(ဘ)ဦးကိုကိုကြီး
(၉/ခအစ(နိုင်)၀၃၆၁၃၂)

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်နန်းရွှေစင်ယီ (LL.B) **ဒေါ်တွယ်တာဝင်းနိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
'Easy' အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း
၃၃လမ်း၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ➤ ၀၉-၇၈၇၃၈၀၁၉၁

အမှားသိခေရန် အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာ၊ ကွင်းအမှတ်(၆၅၆-က)၊ ကွင်းအမည် (အောင်ချမ်းသာကွင်း)၊ ဧရိယာ(၁ ဒသမ ၃၀)ဧက အကျယ်အဝန်းရှိ မြေကွက်အား ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဦးမင်းမင်း(၉/ခအဖ(နိုင်)၁၀၈၅၈၀)ကိုင်ဆောင်သူက ဝယ်ယူထားရှိခဲ့သော မြေကွက်အား လွှဲပြောင်းပေးခြင်း ကတိစာချုပ်နှင့် (၁၀-၅-၂၀၂၅) ရက်စွဲပါ အရောင်းအဝယ်စာချုပ်မူရင်းများသည် ခရီးသွားရင်း မေ့ကျန်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများမှ ကျွန်ုပ်၏ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏အမှုသည်ထံသို့ဖြစ်စေ ဆက်သွယ်၍ စာရွက်စာတမ်းမူရင်းများအား ပြန်လည်ပေးအပ်ရန်နှင့် မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ဆက်သွယ်ဆောင်ရွက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမင်းမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဦးကျော်သိန်းထွန်း
(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ
Myat Lay Yone Legal Service Group
၁၀၁(သီပို့လမ်း)၊ ၆၇လမ်းနှင့် ၆၇(အေ)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၇၉၈၈၃၁၅၄၊ ၀၉-၄၂၆၀၀၂၅၅၄

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၈)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၄)၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်ခင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှံကပ်နှစ်ထပ် အဆောက်အဦး၊ လျှပ်စစ်မီတာ၊ အဝီစီတွင်း အပါအဝင် ဝင်းခြံအကာအရံ ပေါက်ရောက်သစ်ပင်တို့၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ယွဲ့ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးခင်မောင်စိုး(ဘ)ဦးသိန်း(၉/မရမ(နိုင်)၀၆၆၃၀၈)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း၀ယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်တင်နီလာ၀င်း
တရားလွှတ်တော်ရှေ့နေ
ဦးကျော်လှိုင်၀င်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်
(တရားလွှတ်တော်ရှေ့နေများ)
အကွက်(ယ-၆/၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃

အမှားသိခေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၀)၊ ဦးပိုင်အမှတ်(၁၄-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၅) အကျယ်အဝန်းရှိ ဒေါ်အေးအေးခိုင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဖြစ်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူဖြစ်သော ဦးသိန်းထိုက်အောင်(ဘ)ဦးတင်သိန်း(၅/၀လန(နိုင်)၁၂၃၀၁၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်း၀ယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

၀ယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဒေါ်တင်နီလာ၀င်း
တရားလွှတ်တော်ရှေ့နေ
ဦးကျော်လှိုင်၀င်း ဒေါ်စီစီစိန် ဒေါ်လဲ့လဲ့နွယ် ဒေါ်မိမိကျော်
(တရားလွှတ်တော်ရှေ့နေများ)
အကွက်(ယ-၆/၁-က၊ ၂၊ ၃)၊ ၆၉လမ်း၊ မြဝတီမင်းကြီးလမ်းနှင့် ၁၁၃လမ်းကြား၊ (က)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ➤ ၀၉-၂၀၁၉၇၀၁၊ ၀၉-၉၄၄၉၇၂၃၃၃

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်(မ-၄၉)၊ ဦးပိုင်(၄၉)၊ မြေကွက်ပေါ်တွင် ဒေါ်နန်းစန်းစန်း ဝင်း(ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/သမန(နိုင်)၀၀၁၉၃၁)က RC-၃ ထပ်အဆောက်အအုံဆောက်လုပ်ခွင့် (အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ(အိမ်ဆောက်မိန့်)

